
စိတ်ကူးချိုချိုအနုပညာ

# သော်တာဆွေ

# ရွှေပြည်တော်သည်



တတိယအကြိမ်

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - အောင်ကျော်
၂၀၁၃၊ ဧပြီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

၈၉၅.၈၃

ရွှေပြည်တော်သည်
သော်တာဆွေ၊ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ တတိယအကြိမ်၊ ၂၀၁၃၊
စာမျက်နှာ ၁၅၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ရွှေပြည်တော်သည်

mgyoe.com

mgyoe.com

# ဇာတ်လမ်းအဖွင့်

ကျွန်ုပ်တို့ အမိမြန်မာရွှေပြည်တော်သည် အနှစ်တစ်ရာကျော်ထိန် နေသော ပဋိသန္ဓေမှ လွတ်လပ်ရေးရတနာကို ပြင်း႑သော ဝေဒနာဖြင့် ခဲယဉ်းကျပ်တည်းစွာ ဖွားမြင်ရရှာပြီး သွေးသစ်မလောင်းရသေးမီ ဝမ်းဆွဲ ဆရာတို့ စိတ်ဝမ်းကွဲပြားကြကာ စေတနာ ရေစီးကမ်းပြိုဖြင့် ဒီသားရတနာကို ဟိုနည်းနှင့် ပြုစုမည်၊ ဒီနည်းနှင့်ပြုစုမည်ဟု အချင်းချင်း ပဋိပက္ခဖြစ်ကြ၍ ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်လောင်ကျွမ်းနေသောကာလ၊ ကိုယ့်အတတ် နှင့် ကိုယ်ဆန်းပြီးမှ ငြိမ်းချမ်းရေးလိုချင်ကြပြန်၍ 'စေ့စပ်ရေးလက်ခံပါ'၊ 'လက်နက်ချပါ'ဟု တစ်ဖက်နှင့်တစ်ဖက် ဈေးခေါ်နေသောအချိန်၊ ဖဆပလ ခေတ် ၁၉၅ × ခုနှစ်၊ မေလဆန်းလောက်တွင် ကိုယ့်တိုင်းပြည်နှင့် ကိုယ့် အမျိုးချစ်သည်မှတစ်ပါး အခြားမည်သည့်အသွင်ကိုမျှ မဆောင်သောနိုင်ငံကျော် စာရေးဆရာသော်တာစိန်သည် မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုအတွက် ရန်ကုန်မြို့မှ လေယာဉ်ပျံဖြင့် မြစ်ကြီးနားသို့ရောက်ခဲ့ပြီး ထိုမှတစ်ဖန် ကသာ သွားမီးရထားဖြင့် ခရီးဆက်ခဲ့လေ၏။

* * *

mgyoe.com

mgyoe.com

# ရွှေပြည်တော်သည်

သော်တာဆွေ

mgyoe.com

mgyoe.com

(၁)

## မိုးကောင်းဘူတာ

နံနက် (၁၀)နာရီခန့် မြောက်တူရူမှ ဥသြသံဟိန်း၍ဝင်လာသော မီးရထားကြီးအား ဘူတာရှိ ခရီးသည်တို့သည် ရုတ်ရုတ်သဲသဲနှင့် ဆီးကြိုကြကာ ရထားအရှိန်မသတ်မီပင် နေရာကောင်းရရန် အလုအယက် တက်ကြလေသည်။

မီးရထားသည် မြစ်ကြီးနားမှ နံနက်စောစောကထွက်ခဲ့သဖြင့် ခရီးထောက်အရ ယခုဘူတာမှာ ခရီးသည်များ ထမင်းစားခြင်း၊ မီးရထားစက်ခေါင်း အားသစ်လောင်းခြင်းများပြုရန် အချိန်အတော်ကြာ ရပ်နားမည်ဖြစ်သောကြောင့် တက်သူများ တိုးလျှိုးသလောက် ဆင်းသူများက အေးဆေးနှေးကွေးလှပေသည်။

အထက်မြန်မာပြည်တွင် မိုးကောင်းမြို့သည် ကာမိုင်းကျောက်စိမ်းတွင်းလုပ်ငန်းများရှိခြင်းကြောင့် မြစ်ကြီးနားနှင့် ကသာအကြားမှာ ခရီးသွားခရီးလာ အများဆုံးသောဘူတာတစ်ခု ဖြစ်၏။

အညာသို့ ဤအခါသာ ပထမအကြိမ်ရောက်ခြင်းဖြစ်သော သော်တာစိန်မှာ ဤဘူတာက ပရိသတ်ကိုကြည့်၍ အံ့သြမိလေသည်။ အကြောင်းမှာ မြစ်ကြီးနားက ထွက်လာကတည်းက လမ်းမှာရပ်ခဲ့သော ပိတောင်း၊ နမ်တီးစသော ဘူတာငယ်ကလေးများတွင် တွေ့ရသောလူများနှင့် လုံးဝခြားနားနေ၏။ ထိုဘူတာငယ်ကလေးများမှာဆိုလျှင် အများအားဖြင့် ဆင်းရဲသား ကချင်၊ ကဒူး၊ ဂဏန်းများသာဖြစ်လျက် ယခု မိုးကောင်းဘူတာတွင်မူ တောက်ပ

mgyoe.com

mgyoe.com

သော မြန်မာများ၊ ရှမ်းများကို မြင်ရလေသည်။ အထူးသဖြင့် မိန်းကလေးတွေ ကြည့်ရသည်မှာ အဝတ်အစား အပြင်အဆင်တွင် ရန်ကုန်–မန္တလေးသူများ နှင့် ဘာမျှမခြားနားချေ။ စကားပြောသံကြားမှသာလျှင် ယော်–ပ–ညင် ညယ် ဟူသော အသုံးအနှုန်းများဖြင့် တစ်မျိုးတစ်ဖုံ ဖြစ်နေသည်။

ဤပရိသတ်ကိုကြည့်ရင်း သော်တာစိန်သည် မိုးကောင်းမြို့ရှိ လူချင်း တစ်ခါမှ မတွေ့ဘူးသော မိမိ၏ ကလောင်မိတ်ဆွေများကို သတိရ၏။ မှတ်မှတ်ရရ တစ်ယောက်က "မောင်ထွန်းခိုင်"၊ တစ်ယောက်က "မြိုင်"ဆိုသော မိန်းကလေးတစ်ယောက် ဖြစ်၏။ အကယ်၍ မိမိ ကြို၍စာရေးထားပါက သူတို့ကြည်ညို ချစ်ခင်နေသော စာရေးဆရာကို ဝမ်းသာအားရ လာတွေ့ကြ ပေလိမ့်မည်။ လူချင်းတစ်ခါမျှ မမြင်ဘူးသော ကိုယ့်မှာ အမှတ်အသား မှာ ထားချက်နှင့် ရှာရမည်ဖြစ်၍ အတော်ပျော်စရာကောင်းသော အလုပ်တစ်ခုဖြစ် ပေသည်။ မြစ်ကြီးနားတွင် လေယာဉ်ပျံပေါ်ကဆင်းစဉ်က မိမိရင်ဘတ်တွင် ပန်းနီနီထိုးထားခြင်းဖြင့် တစ်ခါမျှ မမြင်ဘူးသော စာချင်းသာသိသည့် ကလောင် မိတ်ဆွေ ကိုခင်ဦးက "ဦးသော်တာစိန်"ဟု ဝမ်းသာအားရ ပြေးလာခေါ်ကာ

"ကျွန်တော် ခင်ဦးပဲ"။

ကိုခင်ဦးမှာ ထိုစဉ်က အစိုးရဆပ္ပလိုင်း အရာရှိတစ်ယောက်ဖြစ်၍ သူ့ဇနီး ဒေါ်ညွန့်ညွန့်ပါ သော်တာစိန်၏ စာဖတ်ပရိသတ်များ ဖြစ်ကြသည်။ သူတို့သဘောကျသော စာရေးဆရာကို ဝမ်းသာအားရပြုစုကြ၏။ မြန်မာပြည်၏ အသာယာဆုံး ရှုခင်းတစ်ရပ်ဖြစ်သော ဧရာဝတီမြစ်၏အစ မေခနှင့် မလိခတို့ ပေါင်းစပ်ရာ "မြစ်ဆုံ"ဒေသကို လိုက်ပြရန်စီမံကြ၏။ သို့သော် သော်တာစိန် မှာ မိမိရည်ရွယ်ရင်းကိစ္စက နေ့ရက်ကန့်သတ်ပြီးနေ၍ အချိန်ကုန်မခံနိုင် တော့ဘဲ မြစ်ကြီးနားမှာ နှစ်ရက်မျှသာနေပြီး ခရီးဆက်ခဲ့ခြင်း ဖြစ်ပေ၏။

ဒေါ်ညွန့်ညွန့်က မိုးကောင်းဘူတာမှာ ကုလားထမင်းဆိုင်သာရှိ၍ ကုလားစာမကြိုက်သော သော်တာစိန်အတွက် ထမင်းဟင်းချက်ပြုတ်ပေးလိုက် သေးသည်။

သော်တာစိန်သည် ပတ်ဝန်းကျင်ကို ကြည့်ရှုပြီးနောက် လူဆင်း လူတက် အေးဆေးငြိမ်သက်သွားသည်နှင့် ထမင်းစားရန် ပြင်ဆင်လေသည်။ သို့ရှိစဉ် ရုတ်တရက် နောက်ကျောဘက်မှ ပခုံးကို လက်ဝါးဖြင့် ဖြန်းခနဲ ချလိုက်ပြီး...

mgyoe.com

mgyoe.com

"ဟော့...ဘလိုင် မင်း ဘယ်ကနေ ဘယ်သွားမလို့ ဒီရထားပေါ်ရောက်နေတာလဲကွ"

သူ့အသံမှာ ရင်းနှီးခြင်း၊ စိုးပိုင်ခြင်းရှိလှသည်။ သူ့မေးခွန်းကလည်း တစ်ခုတည်းနှင့် သုံးမျိုးကိုဖြေရမည်။

သော်တာစိန်သည် ထမင်းချိုင့်ကိုကိုင်ရင်း ထိုလူကိုလှည့်ကြည့်မိလိုက်သည်၌ လွန်စွာအံ့အားသင့်သွားသည်။ အကြောင်းမှာ သူ့တစ်သက်တာတွင် ယခင်က တစ်ခါမျှတွေ့မြင်ခဲ့ဖူးသော မျက်နှာမျိုးမဟုတ်၊ ရုပ်ရည်သားသားနားနား ရှမ်းကပြားနှင့်တူသည်။ အသားဖြူ၍ မိမိနှင့် အသက်အရွယ်တူဟု ခန့်မှန်းရသည်။

ဤလူမှ မည်သို့မျှ ထူးခြားခြင်းမရှိဘဲ သူ့ပခုံးပေါ်ကအထုပ်ကို ဖုတ်ခနဲချလိုက်ပြီး သော်တာစိန်နံဘေးမှာ ဝင်ထိုင်လျက်...

"မင်းနဲ့မတွေ့ရတာ အတော်ကြာသွားပြီ။ မင့်ဟိုကောင်မလေးကိစ္စကော ဘယ့်နှယ်လဲ၊ မင့်ဆီ အပါမခေါ်နိုင်တော့ဘူးလား"

သော်တာစိန်မှာ ပိုမိုအံ့အားသင့်လျက် ထိုလူ့မျက်နှာစေ့စေ့ကြည့်ပြီး...

"ခင်ဗျား လူမှားနေပြီဗျ၊ ကျွန်တော့်နာမည် ဘလိုင်လည်းမဟုတ်ဘူး၊ နို့ပြီး ကျွန်တော် ဒီအရပ်သားလည်း မဟုတ်ဘူး"

ဤတွင်မှ ထိုလူသည် သော်တာစိန်မျက်နှာကို သေသေချာချာ ကြည့်ပြီး အလွန်တရာ အံ့သြစွာနှင့်...

"ဟာ...ကျွန်တော့်သူငယ်ချင်း ဘလိုင်နဲ့ တူလိုက်တာဗျာ၊ အသံချင်းပဲကွဲတယ်၊ တကယ်လို့ ကျွန်တော်သာ အသံချင်း မခွဲခြားနိုင်ဘူးဆိုရင် ခင်ဗျာ့စကားကို ကျွန်တော်ယုံမှာမဟုတ်ဘူး၊ ဘလိုင်က ကျွန်တော့်ကို နောက်နေတယ် အောက်မေ့မှာပဲ၊ တကယ်ဗျာ ရုပ်ချင်းကဖြင့် ရွေးမရအောင် တူပါပေတယ်၊ လောကမှာ လူတူမရှားဆိုတဲ့ စကားရှိပေမယ့် ကျွန်တော့်ကိုယ်တွေ့ဖြင့် ဒီတစ်ခါပဲကြုံရသေးတယ်"ဟု ပြောပြီးမှ ထိုင်ရာကထကာ "တောင်းပန်ပါတယ်ဗျာ ခင်ဗျာ့ပခုံးကိုရိုက်ပြီး ခင်ဗျားခုံဝင်ထိုင်မိတာ"ဟုဆိုရင်း သူ့အထုပ်ကို ယူပြန်ကောက်၍သွားရန် ဟန်ပြင်သည်၌ သော်တာစိန်မှာ ထိုလူနှင့် မိတ်ဆွေဖွဲ့စ်သွားရသော် စကားပြောဖော်ရအံ့ဟု အကြံဖြစ်လျက်...

"ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားမှာ ဒီ့ပြင်နေရာ မရှိသေးရင် ကျွန်တော်နဲ့ တူတူ ထိုင်နိုင်ပါတယ်၊ ကျွန်တော်က ခင်ဗျာ့သူငယ်ချင်းဘလိုင်နဲ့ ဒီလောက်

mgyoe.com

တူနေရင်လည်း ကျွန်တော့်ကို အခု ဒီမှာ ခရီးအတူသွားကြတုန်း ဘလိုင်လို့ပဲ သဘောထားပေါ့ဗျာ"

"ကြိုက်သဗျာ၊ ခင်ဗျားပြောပုံ"

ထိုသူသည် ရွှန်းရွှန်းစားစားနှင့်ပြောပြီး ပြန်ထိုင်ချကာ "ခင်ဗျားနဲ့ ဘလိုင်တူလိုက်ပုံဖြင့် အချို့ အမြွာပူးများထက်တောင် ပိုသေးတယ်၊ ခင်ဗျားတို့ နှစ်ယောက်သာ အတူတူနေကြရင်ဖြင့် မှန်ဝယ်စရာမလိုတော့ဘူး၊ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီ ခေါင်းဖြီးရုံပဲ၊ ဟဲ...ဟဲ..."

"ဟုတ်လား...ဒီလောက်တောင်ပဲလား၊ ကျွန်တော်နဲ့ ဒါလောက်တူတဲ့ လူကို တွေ့ချင်တယ်ဗျာ၊ အခု သူဘယ်မှာလဲ"

"ခင်ဗျားကို ကျွန်တော် တွေ့တွေ့ချင်း မေးတဲ့မေးခွန်းပဲကြည့်တော့ ဗျာ၊ ခုတစ်လော ဒီကောင်ဘယ်ရောက်နေတယ်ကို မသိဘူး၊ ကဲ...ဒါနဲ့ ခုန ထမင်းစားမလို့ ပြင်နေတယ်မဟုတ်လား၊ စားဗျာ...ကျွန်တော်လည်း အိမ်က စားမြိန်စာပါလာခဲ့တယ်"ဆိုပြီး သူသယ်ဆောင်လာခဲ့သော စစ်လွယ် အိတ်ရှည်ကြီးထဲမှ စစ်ရေဘူးတစ်လုံးကိုထုတ်လိုက်ကာ "ဒါက ထမင်းမစားမီ မှီဝဲဖို့ အဖျော်ယမကာလေဗျာ၊ မိတ်ဆွေ သုံးတတ်လား"

သော်တာစိန်က ပြုံးလေသည်။ ယင်း၌ ထိုလူက သော်တာစိန်မျက်နှာ စေ့စေ့ကြည့်ပြီး...

"ဟဲ့...ဟဲ့...မြွေမြွေချင်း ခြေမြင်ပါတယ်"ဆိုပြီး သူ၌အသင့်ပါလာ သော ဖန်ခွက်ထဲငှဲ့ထည့်လိုက်၍ "အကောင်းစားအဖိုးတန်ထဲကတော့ မဟုတ် ဘူးဗျာ၊ ကချင် ချက်အရက်နဲ့ မျောက်သွေးနဲ့ရောထားတာ၊ သို့သော် အညံ့ စားလို့ဖြင့် မဆိုသင့်ဘူးဗျ"

သော်တာစိန်သည် ထိုလူပြောပုံကို သဘောကျစွာ ပြုံးလိုက်ပြီး...

"မျောက်သွေးနဲ့ဆိုတော့ ဆေးဖက်ဝင်တဲ့ အဖိုးတန်အရက်လို့တောင် ခေါ်နိုင်တာပေါ့ဗျ"

ထိုလူက ဖန်ခွက်ထိုးပေးနေသည်ကို "လုပ်ဗျာ...ခင်ဗျား အရင် လုပ်လိုက်"

"အို...ခင်ဗျားက ကျွန်တော့်ဧည့်သည် ဖြစ်နေပြီလေ၊ ဒါဟာ ကျွန်တော့်ပစ္စည်းပဲ"

"အောရိုက်"ဟုဆိုကာ သော်တာစိန်သည် အရက်ခွက်ကို မော့ချ လိုက်ပြီး သူ့အထုပ်ထဲမှ ဒေါ်ညွှန့်ညွှန့် စီမံပေးလိုက်သော ဝက်အူချောင်း

mgyoe.com

mgyoe.com

အစာသွတ်၊ ကြက်ဥ၊ အွန်းမလက်ကြော်များကိုထုတ်၍ ထိုလူက ငါးကြင်းအကွင်းကြော်ကြီးများပါသော ချိုင့်အံကိုဖွင့်လိုက်ကာ...

"စားစမ်းဗျ၊ ကျွန်တော်တို့ဆီက အင်းတော်ငါးကြင်းကြော်ကြီးတွေ ကျွန်တော်ကသောက်တာဟာ အစားကောင်းကောင်း စားနိုင်အောင်သောက်တာ"

အရက်သောက်တတ်သူတို့ကား ခွက်ချင်းဆုံမိပြီဆိုလျှင် လွန်စွာမှ ရင်းနှီးရန် မြန်ဆန်လှပေသည်။

ထိုသူသည် အရက်ခွက်သောက်ပြီးသည်၌ သော်တာစိန်အတွက် နောက်ထပ်ငှဲ့ပေးရင်း...

"ကဲ...ကျုပ်တို့တော့ အနောက်တိုင်းသားများထုံးစံနဲ့ ဆန့်ကျင်ဘက်ဖြစ်နေပြီဗျို့၊ အရက်တစ်ခွက်စီ သောက်ပြီးတာတောင် တစ်ယောက်နာမည် တစ်ယောက်မသိရဘူး၊ ကျွန်တော့်နာမည်က စောထွန်းဗျ၊ ကာမိုင်း ဖားကန့်မှာ နေတယ်"

ယင်း၌ သော်တာစိန်ကလည်း လက်ကိုဆန့်ပေးကာ...

"သိရတာ ဝမ်းသာတယ်ဗျာ၊ ကျွန်တော့်နာမည်က မောင်တင်စိန်၊ ရန်ကုန်က လာခဲ့တာပါ"

ကိုစောထွန်းက လက်ဆွဲလှုပ်ယမ်းပြီး...

"သြော်...ရန်ကုန်ကတောင်ကိုး၊ ဒီအရပ်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်မြန်မနေ့ကမှ မြစ်ကြီးနားကို လေယာဉ်ပျံနဲ့ ရောက်လာခဲ့တာ၊ အထက်မြစ်ညာရောက်ဖူးတာ၊ ဒီဟာ ပထမပေါ့ဗျာ"

"သြော်...ဒါဖြင့် ခင်ဗျားအဖို့ အသစ်အဆန်းဒေသပေါ့ဗျာ၊ ကျွန်တော်တို့ဆီမှာ မြန်မာတိုင်းရင်းသားလူမျိုးစုံ မြင်ရတယ်ဗျ၊ ယောယင်တွေတော့ ခင်ဗျား မြစ်ကြီးနားမှာ တွေ့ခဲ့ဖူးပြီပေါ့၊ ဟောဟိုမှာကြည့် "ရထားတွဲထဲတွင် ညွှန်ပြ၍ "အဲဒါက ဂဒူးဗျ၊ ဟိုဘက်တစ်ခုံကျော်ကဟာက ဂဏန်းဗျ၊ ဟောဒီ"ဟုဆိုကာ ကိုစောထွန်းသည် မိမိနှင့်မျက်နှာချင်းထိုင်ခုံမှာ ထိုင်နေသော ကျား,မ နှစ်ဦးကိုပြကာ "သူတို့ကတော့ ပုစွန်ထုပ်ဗျာ၊ အဟုတ်ဟုတ်ဟား ခင်ဗျားသိပြီးသားနေမှာပေါ့ဗျာ၊ ဂျင်းဖောလူမျိုးတွေလေ"

ဂျင်းဖောများကလည်း ကိုစောထွန်းစကားကို နားလည်ကြ၍ သဘောကောင်းသော၊ ရိုးသားသောမျက်နှာထားနှင့် ပြုံးကြသည်။ သူတို့သွားအားလုံးမှာ သွားရော သွားဖုံးပါ ငချိပ်ရောင်...

mgyoe.com

mgyoe.com

ထိုအခါ၌ ကိုစောထွန်းသည် သူ့အရက်ဘူးကိုမ၍...

"လောက်ခူး လိုးအုပ်"ဟုဆိုကာ ထိုဂျင်းဖောများရှေ့၌ရှိသော ဒန်ခွက်ထဲသို့ အရက်များငှဲ့ထည့်ပေးလိုက်ရာ ယောကျ်ားကြီးသည် ပြုံးစိစိ မျက်နှာနှင့် မငြင်းမဆန် သောက်ချလိုက်၏။ ထိုနောက် ကိုစောထွန်းသည် ရယ်မောကာ...

"ကျွန်တော်တို့ဆီမှာ အရက်သောက်တာ အဆန်းမဟုတ်ဘူးဗျ၊ ဒါကို ကျွန်တော်တို့ အညာသုံးစကားနဲ့ "ဆေးကိုင်တယ်"လို့ခေါ်တယ်ဗျ၊ ဒီလိုအေးတဲ့ အရပ်တွေမှာ ငှက်ဖျားရှိတာကိုးဗျ၊ အရက်က ဆေးဖြစ်နေတာပေါ့"

သော်တာစိန်က ထောက်ခံသောမျက်နှာထားနှင့် ခေါင်းညိတ်လိုက်ပြီး...

"ဒါနဲ့ ခင်ဗျား ခုနပြောလိုက်တာ ကချင်စကားလားဗျ"

"ဟုတ်တယ်၊ 'လောက်ခူး'ဆိုတာ အရက် 'လိုးအုပ်'ဆိုတာက သောက်ပါ၊ ကျွန်တော်လည်း ကချင်စကားဆို စုစုပေါင်း အဲဒါပဲတတ်တယ်၊ ဒါတောင် ကိုယ်ဝါသနာပါတဲ့အသုံးကလေးမို့ စပ်စုထားလို့"

နှစ်ယောက်သား ရယ်မောကြသည်။ ဤအချိန်၌ ဂျင်းဖောမောင်မယ်လည်း နံနက်စာ စားနေကြသည်ဖြစ်၍ (သူတို့အာဟာရမှာ မျောက်ဥ ပေါင်းဖြစ်သည်)။ သူတို့စားတာကို အရက်ဖြင့် မိတ်ဖွဲ့သူတို့အား ပြန်လှန်၍ ပေး၏။

ကိုစောထွန်းက....

"ကိုယ်ပေးတာလက်ခံရင် သူပေးတာလည်း မငြင်းရဘူးဗျ" ဆိုပြီး နှစ်ယောက်သား မြည်းစမ်းကြည့်သည့်သဘောဖြင့် ဖဲ့စားလိုက်ကြသည်။ ယင်းကို မြင်လိုက်သည်၌ ဂျင်းဖောမောင်နှံတို့ ဝမ်းသာကြသည်။

ကချင်မကြီး၏ ကျယ်လှစွာသောနားပေါက်တွင် နှစ်လက်မမျှရှည်၍ လက်ညှိုးလုံးမျှရှိသော မထွန်းညှိရသေးသည့် ဖယောင်းတိုင်သဏ္ဌာန်ရှိသော ပယင်းရောင်နားတောင်းကြီးကို ပန်ဆင်ထားသည်။ ယောကျ်ားကြီး၏ ကျယ်သောနားပေါက်တစ်ဖက်မှာလည်း မြက်ပန်းတစ်ခက်ကို ထိုးထားသည်။ ကချင်ယောကျ်ားကြီးတို့ကား ဘယ်သွားသွား ဓားမကြီးတစ်ချောင်းတော့ အမြဲပါ၏။ ယခု သူ့နံဘေးမှာ ထောင်ထားသည်။

ဒါကိုကြည့်၍ သော်တာစိန်က ကိုစောထွန်းအား "ဒီအရပ်မှာ လမ်းသွားတုန်း ဓားဆောင်ခွင့်ရတယ်နော်၊ မြစ်ကြီးနားမြို့ပေါ်မှာဆိုလည်း ဂျင်းဖော

mgyoe.com

mgyoe.com


လူရွယ်ကလေးတွေဟာ ဓားလွယ်ကိုယ်စီနဲ့ ကျွန်တော်တို့အရပ်မှာဆို မောင်းချဓားတောင် ကြီးကြီးကိုင်ခွင့်မရဘူး"

"ဒါက နေရာဒေသအလျောက်ကိုဗျ၊ ကချင်များက တောတောင်ဒေသမှာ နေကြရတဲ့လူများဆိုတော့ တောတိရစ္ဆာန်ကာကွယ်ဖို့ လက်နက်လိုတယ်ဗျ၊ ခင်ဗျား မြစ်ကြီးနားမြို့ပေါ်မှာ ဓားလွယ်နဲ့တွေ့ခဲ့တဲ့ ဂျင်းဖောတွေဟာ သူ့ရွာက တောလမ်းခရီးဖြတ်လာခဲ့ကြတဲ့လူတွေပေါ့"

ယင်းသို့ မိတ်ဆွေနှစ်ယောက် သောက်ရင်းစားရင်း စကားပြောနေကြစဉ် ဘူတာပလက်ဖောင်းပေါ်မှ လူရွယ်နှစ်ယောက် ရှေ့နောက်လျှောက်လာကြရင်း ကိုစောထွန်းကိုမြင်လျှင် ရှေ့လူခပ်ကြီးကြီးက...

"ဟော့...ယောက်ဖလေး"ဟု ဝမ်းသာအားရ ခေါ်လိုက်ပြီး နောက်လူခပ်ငယ်ငယ်...

"ဟာ...ယောက်ဖကြီး ဘယ်တုန်း"

စောထွန်း။ ။"နမ်းမားသွားမလို့ကွ၊ မင်းတို့ရွာလည်း ရောက်လိမ့်မယ်"

လူငယ်။ ။"ဟာ...ကျွန်တော့်အိမ်ရောက်ရင်ဖြင့် ယောက်ဖကြီးအကြိုက် ပုလင်းနှစ်လုံး နွားမြက်စင်အောက်မှာ ရှိတယ်၊ ကောက်ရိုးစဖော်လိုက်ရင် ကြွက်တွင်းဝစွပ်ထားတာ တွေ့လိမ့်မယ်"

စောထွန်း။ ။"ဟာ...ဟန်တာပေါ့ကွာ၊ လာဟော့...မင်းတို့ကော အခုဆေးကိုင်လိုက်ကြပါဦးလား"

ခပ်ကြီးကြီးလူက။ ။"နေပါစေ ယောက်ဖ၊ ငါတို့ ထမင်းစားပြီးပြီ၊ မင်းရွာရောက်ရင် ငါ့အိမ်မှာ ကြက်တွေရှိတယ်၊ ကြိုက်တဲ့အကောင်သာ ဖမ်းစားပေတော့၊ ချိုးသားစားချင်ရင်ဖြင့် မောင်သာရကို ခိုင်းဟော့၊ အခု သူ့မှာ တယ်ချိုးကောင်းကောင်း ရှိနေတယ်ကွ"

လူငယ်။ ။"အစစ်ပဲ ယောက်ဖကြီး၊ တစ်နေ့ လေးငါးကောင်တော့ မြည်းရမှာပဲ၊ ဒါနဲ့ ယောက်ဖကြီး တစ်လောတုန်းက ငါးထောင်ကျော်က်တစ်လုံး အောင်လိုက်သေးဆို"

ထွန်း။ ။"အေးကွာ...ငါက ငါးသောင်းကျော်လောက်ရချင်တာ"

ကြီး။ ။"မင့်မလဲ အိမ်ထိုင်နေရင်း လောဘချည်းပဲ၊ ကဲ...တို့သွားမယော့ ယောက်ဖ၊ ငါ့အိမ်ကို နောက်သုံးရက်လောက် ကြာဦးမယ် ပြောလိုက်ကွာ"

mgyoe.com

mgyoe.com


နောက်လူငယ်ကလည်း....

"သွားမနေဘ် ယောက်ဖကြီး"

ချစ်ကြည်စွာ နှုတ်ဆက်သွားကြသည်။ ထိုလူမှာ အဝတ်အစား သားသားနားနားနှင့် မြန်မာများပင် ဖြစ်ကြသည်။ သို့စဉ်လျက် စောထွန်းအား နာမည်မခေါ်ဘဲ ယောက်ဖကြီး၊ ယောက်ဖလေးဆို၍ စကားပြောသွားကြသည် ကို သော်တာစိန်လို အောက်သားတစ်ယောက်၏နားမှာ တစ်မျိုးတစ်ဖုံ ဖြစ် နေသည်။ ထို့ကြောင့် ဤလူနှစ်ယောက် ခပ်လှမ်းလှမ်း ရောက်သွားသည်၌ သော်တာစိန်မှာ စာရေးဆရာပီပီ စပ်စုလိုသည်ဖြစ်၍...

"ဘယ့်နှယ် ကိုစောထွန်း၊ ဟိုလူနှစ်ယောက်က ခင်ဗျားယောက်ဖကြီး၊ ယောက်ဖလေးနဲ့ ယောက်ဖချင်း မိုးမွှန်နေတာပဲ၊ တကယ်ပဲ သမီးယောက်ဖ တော်ကြလို့လား၊ ဒါမှမဟုတ် ကရင်တွေလို ချစ်စနိုးခေါ်ကြတာလား"

စောထွန်း။ ။"အင်း...ခင်ဗျားအဖို့တော့ နားကြားဆန်းနေမှာပဲ၊ တကယ် သမီးယောက်ဖမို့ ယောက်ဖခေါ်ကြတာဗျ"

စိန်။ ။"ဩော...မေးပါရစေဦး၊ ဘယ်သူက နှမပေးရတာလဲ"

ထွန်း။ ။"သူတို့ကပေးရတာဗျ၊ ဟိုလူအကြီးက ကျွန်တော့်မိန်းမရဲ့ အစ်ကို၊ အငယ်ကတော့ မိန်းမမောင်"

စိန်။ ။"ဩော...သူတို့က ညီအစ်ကို"

ထွန်း။ ။"ဟုတ်တယ်၊ ကျွန်တော်တို့ အညာဓလေ့မှာ နှမပေးရတဲ့ လူက နှမယူတဲ့ ယောက်ဖကို အင်မတန် ချစ်ကြတာဗျ၊ နာမည်တောင် မခေါ်တော့ဘူး၊ အခုနလိုပဲ အရွယ်လိုက်ပြီး ယောက်ဖကြီး၊ ယောက်ဖလေး ခေါ်ကြတော့တာပဲ"

စိန်။ ။"ကျွန်တော်တို့ဆီနဲ့တော့ ဆန့်ကျင်ဘက်ပဲဗျို့၊ တချို့ဆိုရင် ကိုယ်နဲ့က သူငယ်ချင်းဖြစ်ခဲ့တဲ့လူတောင် နှမလင်ဖြစ်သွားရင် အရင်တုန်းကလို ပွန်းပွန်းတီးတီး စကားမပြောတော့ဘူး၊ နှမယူတဲ့လူကသာ သူ့ကိုချော့ရလိမ့် မယ်"

ထွန်း။ ။"ဟုတ်လား...ကျွန်တော်တို့အညာကတော့ ကိုယ့်နှမလင် ယောက်ဖဆိုရင် အားကြီးအရေးပေးကြတယ်၊ ဘာကြောင့်လဲဆို အဓိပ္ပာယ် ကတော့ ကိုယ့်နှမကိုယ် ချစ်လို့ပါပဲဗျာ၊ ကိုယ့်နှမဟာ ဒီယောက်ဖရဲ့လက်ထဲ မှာ ရှိတယ်မှတ်လား"

mgyoe.com

mgyoe.com

စိန်။ ။"ဟုတ်တယ်ဗျာ…ကျွန်တော် သဘောပေါက်ပါတယ်၊ ကောင်းတဲ့ဓလေ့ပဲဗျ"

စောထွန်းသည် အားရပါးရစားသောက်ရင်း သော်တာစိန်ကိုလည်း ခွက်လှည့်မှန်မှန်ပေးကာ…

"ရော့…ခင်ဗျာ့အလှည့်ဗျ၊ ဒါနဲ့ ကိုတင်စိန်မှာကော ယောက်ဖမရှိဘူးလား"

စိန်။ ။(အရက်ခွက်ကိုကိုင်ရင်း) "ဟင့်အင်း…ကျွန်တော့်မှာက ညီအစ်ကိုမောင်နှမ မရှိဘူး၊ ဥတစ်လုံး တစ်ကောင်ကြွက်"

ထွန်း။ ။"ဟဲဟဲ…ဥတစ်လုံးတည်းတော့ ဟုတ်မယ်မထင်ပါဘူးဗျာ"ဟု နောက်ပြီးမှ "နို့…ခင်ဗျားကပေးရတဲ့ ယောက်ဖမရှိတောင်ယူရတဲ့ ယောက်ဖကော"

"ကျွန်တော့်မှာ မိန်းမလည်း မရှိသေးဘူးဗျ"

"ဟုတ်လား၊ ဒါဖြင့် ကျွန်တော်တို့ဆီက အညာသူတစ်ယောက်ယူဗျာ၊ နှမပေးယောက်ဖတွေက ခင်ဗျာ့ ဘယ်လောက်ချစ်ကြသလဲဆိုတာသိရအောင် သူတို့နှမနဲ့ လက်မထပ်နဲ့ဦးဗျာ၊ သမီးရည်းစားဖြစ်ပြီဆိုတာ သိတာနဲ့-မောင်တွေက ခင်ဗျာ့ကို အရေးပေးကြလိမ့်မယ်ဗျ"

သော်တာစိန်သည် သူ့အတွေးနှင့်သူ စိတ်ထဲက ကြိတ်၍ပြုံးလိုက်လေသည်။

မီးရထားကြီးသည် ဥသြသံပေး၍ တရွေ့ရွေ့ထွက်လေပြီ။ သော်တာစိန်နှင့် ကိုစောထွန်းသည် စားသောက်ခြင်းကို လက်စသိမ်း၍ လက်ဆေးခြင်း၊ ရေသောက်ခြင်းဖြင့် ခေတ္တစကားပြတ်နေကြပြီးမှ ခုံပေါ်တွင် သက်သောင့်သက်သာ ထိုင်ကြကာ စီးကရက်သောက်ရင်း စကားဆက်ကြပြန်သည်။

သော်တာစိန်။ ။"ဒါနဲ့ ကိုစောထွန်း၊ အခုန ခင်ဗျားယောက်ဖတွေပြောစကားအရ ခင်ဗျားဟာ ကျောက်စိမ်းတွင်းလုပ်ငန်း လုပ်တယ်ဆိုတာ သိရတယ်"

ထွန်း။ ။"ဟုတ်ပါတယ်၊ ကျွန်တော် တွင်းပိုင်ရှင်တစ်ယောက်ပါ"

စိန်။ ။"ကျွန်တော့် အဲဒီလုပ်ငန်းအကြောင်း ပြောပြစမ်းဗျာ"

"ဘာလဲ ခင်ဗျားကံစမ်းချင်လို့လား၊ ဒီအလုပ်က ကံပေါ်မှာတည်တယ်"

"ကျွန်တော်ကလုပ်ချင်လို့ မဟုတ်ဘူး၊ ဗဟုသုတရချင်လို့ပါ"

mgyoe.com

mgyoe.com

"ဒီလိုဗျ...လုပ်ငန်းမှာ တွင်းပိုင်ရှင်ရယ်၊ တွင်းတူးသမားရယ် နှစ်မျိုးရှိတယ်၊ တွင်းပိုင်ရှင်ဆိုတာ ငွေအားစိုက်ရတဲ့လူ တွင်းတူးသမားက လုပ်အား"

"ဟုတ်ပါပြီ...တွင်းပိုင်ရှင်က တူးဖို့နေရာကို ဝယ်ရသလား"

"မဝယ်ရပါဘူး၊ ကိုယ်လိုချင်တဲ့မြေနေရာကိုရှာပြီး သက်ဆိုင်ရာမှာ လိုင်စင်ယူရတယ်၊ အဲ...တူးခွင့်ရတဲ့အခါမှာ လုပ်သားငှား၊ လုပ်သားမှာ နေရာဒေသလိုက်လို့ပေါ့ဗျာ၊ တွင်းကြီး တွင်းကလေးလိုက်ပြီး ငါးယောက်ဆိုင်း၊ ဆယ်ယောက်ဆိုင်း၊ ဆယ့်ငါးယောက်ဆိုင်း စသည်ဖြင့်ရှိတယ်၊ ကိုယ့်ငွေအားတတ်နိုင်သလောက် အဆိုင်းငှားပြီး သူတို့တူးနေသမျှ ကာလပတ်လုံး အစားအသောက်နဲ့ ဆေးဝါးပေးထားရတယ်၊ ကျောက်အောင်တဲ့အခါမှာ ဒီတွင်းတူးတဲ့ လုပ်သားဆိုင်းနဲ့ တွင်းပိုင်ရှင်နဲ့ တစ်ယောက်တစ်ဝက်၊ ကံကောင်းတဲ့လူများဆိုရင် မကြာမီဘဲ ကျောက်ကောင်းရလို့ အမြတ်ပေါ်တယ်၊ ကံဆိုးသူများကျတော့ လုပ်သားတွေ စရိတ်မတတ်နိုင်တော့လို့ လုပ်ငန်းသာဖြတ်လိုက်ရတယ်၊ ဘာကျောက်မှ မည်မည်ရရ မရလိုက်ဘူး၊ အဲ...တချို့ရှိသေးတယ်၊ ဆိုးတာလည်းမဟုတ်၊ ကောင်းတာလည်းမဟုတ်၊ ဒီလုပ်ငန်းက ဘာအကျိုးအာနိသင်မှ မခံစားရဘူး၊ လုပ်သားစရိတ် ကာမိရုံလောက်ကလေးပဲ ပျောက်ကြား၊ ပျောက်ကြား ကျောက်ဖွဲ ကျောက်ညှံ့ကလေးတွေရတယ်"

"အင်း...တော်တော်မရေရာတဲ့ အလုပ်ပဲနော်"

"ဟုတ်တယ်ဗျ၊ စာရေးဆရာတစ်ယောက်ရေးတာ ကျွန်တော် ဖတ်ဖူးတယ်၊ တစ်ခါ သူရေးတဲ့ဝတ္ထုတစ်ပုဒ်ဟာ ခါတိုင်းလက်ရာမမီဘဲ အတော်ညံ့သွားတာ ဝေဖန်ခံရတော့ သူစာရေးရတာဟာ ကျောက်တွင်းတူးရသလိုပါပဲတဲ့၊ ကျောက်တွင်းတူးသမားဟာ မြေကြီးထဲ မမြင်မကမ်းနဲ့ ရမ်းပြီးတော့ ကျောက်ကြီးကျောက်ကောင်းရအောင် တူးသလိုပဲ၊ သူလည်း စာကောင်းပေမွန်ရအောင် မဖြစ်ပေါ်သေးတဲ့ ဇာတ်အိမ်၊ ဇာတ်လမ်းကို ဖန်တီးတယ်တဲ့၊ ထွက်လာတဲ့အခါမှာ ကျောက်တွင်းတူးသမား မှန်းခြေမကိုက်ဘဲ ကျောက်ဖျင်း ကျောက်ညံ့ကလေး တွေ့တတ်သလိုပဲ၊ သူလည်း အရည်မမီတဲ့ ဝတ္ထုကလေး ရေးမိနေပါတယ်တဲ့"

သော်တာစိန်က ပြုံး၍...

"ကိုစောထွန်း စာဖတ်ဝါသနာ ပါတယ်ထင်ပါရဲ့"

"ဝါသနာရယ်ဆိုမလား၊ တွေ့တဲ့ကြုံတဲ့အခါ ဖတ်လိုက်တာပဲဗျ၊

mgyoe.com

mgyoe.com



ကျွန်တော့်မိန်းမကတော့ ကျွန်တော့်ထက်ဖတ်တယ်၊ လဆန်းတိုင်း ထွက်သမျှ မဂ္ဂဇင်းတွေ ဝယ်ပေးရတယ်"

သော်တာစိန်ကလည်း စကားလွှဲလိုက်၍...

"အင်း...ကိုစောထွန်း၊ ခုအခြေကြည့်ရတာဖြင့် ကျောက်တူးလုပ်ငန်းနဲ့ အကျိုးပေးတဲ့လူနဲ့တူရဲ့ဗျ၊ မကြာသေးမီကဘဲ ငါးထောင်ကျောက်တစ်လုံး အောင်လိုက်သေးဆိုသကိုး"

"ဟုတ်ပါတယ်...သို့သော် ကျွန်တော်က ထောင်ကျောက်၊ သောင်းကျောက်လောက်ပဲ ရဖူးတယ်၊ သိန်းကျောက်မအောင်သေးဘူးဗျ"

"နေပါဦး...ထောင်ကျောက်၊ သောင်းကျောက်ဆိုတာက တစ်ထောင်တန်၊ တစ်သောင်းတန်ပြောတာလား"

"မဟုတ်ဘူးဗျ၊ ဒီလို ကျောက်တစ်လုံးတူးရတဲ့အခါမှာ အပေါ်ယံခွဲပြီးတော့ (အရောင်ဖော်ပြီးတော့) ရာဖြတ်ကို ပြရတယ်၊ ဒီတော့ ရာဖြတ်က ဒါဟာ ထောင်ကျောက်ပဲ၊ သို့မဟုတ် သောင်းကျောက်ပဲလို့ ဆုံးဖြတ်တယ်၊ အဓိပ္ပာယ်က ထောင်ချီတန်တဲ့ကျောက်၊ သောင်းချီတန်တဲ့ကျောက်လို့ ဆိုလိုတယ်၊ ထောင်ကျောက်ဟာဆိုရင် အနည်းဆုံး တစ်ထောင်ကနေပြီး ကိုးထောင်အထိ၊ သောင်းကျောက်က တစ်သောင်းကနေပြီး ကိုးသောင်းအထိ သူ့အရည်လိုက်လို့ တန်ဖိုးရှိတယ်"

"ဒါကတော့ ဝယ်သူနဲ့ရောင်းသူ ဆုံးဖြတ်မှုပေါ့နော်"

"ဝယ်သူ ဆုံးဖြတ်မှုပေါ်မှာ တည်တယ်ဗျ၊ ဘာ့ကြောင့်လဲဆိုရင် ကျောက်ရောင်းတာဟာ လေလံတင်တဲ့သဘောကိုဗျ၊ လေလံတင်တယ်ဆိုပေမယ့် ခင်ဗျားတို့ဆီကလို အော်ကြီးဟစ်ကျယ်နဲ့ တစ်ဦးထက်တစ်ဦး အလုအယက်လုပ်နေကြတာ မဟုတ်ပါဘူး၊ ကျောက်တစ်လုံးအောင်သဟေ့ဆိုရင် ကုန် သည်တွေ၊ ပွဲစားတွေက အရည်အသွေးလာကြည့်ပြီးတော့ သူတို့ပေးနိုင်မယ့်အဖိုး ဆုံးဖြတ်ကြတယ်၊ ရောင်းတဲ့အခါမှာ ဥပမာ–ကျွန်တော်က ကျောက်ရှင်ဆိုပါတော့ ဟောဒီလို ကျွန်တော့်လက်ဝါးနှစ်ဖက် လက်ဆယ်ချောင်းဖြန့်ပြီးတော့ အဝတ်နဲ့အုပ်ထားလိုက်တယ်၊ အဲဒီအခါမှာ ဝယ်မယ့်လူတွေက အသီးသီး ကျွန်တော့်လက်ချောင်းတွေကို နံဘေးလူမမြင်ရအောင် အဝတ်ထဲမှာ ဆွဲပြကြ တယ်၊ သောင်းကျောက်မှာ သုံးချောင်းဆွဲရင် သုံးသောင်း၊ လေးချောင်းနဲ့ လက်တစ်ချောင်းခေါက်လိုက်ရင် လေးသောင်းငါးထောင်၊ ကိုးချောင်းဆွဲရင် ကိုးသောင်းပဲ၊ ကျွန်တော်က သူတို့ဆွဲတာတွေ မှတ်ထားပြီး

mgyoe.com

mgyoe.com


အများဆုံးပေးတဲ့ လူကို ရောင်းလိုက်တာပေါ့ဗျာ"

"အတော်ကောင်းတဲ့နည်းပဲဗျို့၊ တိုးတိုးတိတ်တိတ်နဲ့ လူမသိသူမသိ ပြီးသွားတာပေါ့"

"ဟာ…ဒီလိုတော့ မဟုတ်ဗျို့၊ အရောင်းအဝယ်တည့်တယ်ဆိုရင် အဘိုးဘယ်ရွေ့ ဘယ်မျှဆိုတဲ့အကြောင်း နံဘေးပရိသတ်သိအောင် ကြေညာရတဲ့အပြင် ကျောက်ရှင်က လာကြည့်တဲ့လူတွေကို ကလေး၊ လူကြီး တစ်ယောက်မကျန် ထိုက်တန်သလောက် ကိုယ်ရငွေလိုက်ပြီး ၅ ကျပ်စီ၊ သို့မဟုတ် ၁၀ ကျပ်စီ အညီအမျှဝေပေးရသေးတယ်ဗျ၊ ဒါဟာထုံးစံပဲ"

"ဟင်…ဒါဖြင့် ကျောက်ရောင်းတဲ့လူဟာ ဒီရောင်းဝယ်တဲ့နေရာကို သိပြီး လူများများလာစေချင်မယ် မဟုတ်ဘူးနော်"

"ဟာ…ဒီစိတ်သဘောထားမျိုး ကျုပ်တို့ဆီကလူတွေမှာ မရှိဘူးဗျ၊ ကိုယ့်အောင်ပွဲမှာ လူများများလာအောင်တောင် ကြိုတင်ပြီး ကြေညာထားသေးတယ်၊ အလှူအတန်းသဘောကိုဗျ"

"အင်း…ဒီလိုဆို တော်တော် စိတ်နှလုံးထားမွန်မြတ်တဲ့ အလုပ်ပဲ"

"မွန်မြတ်ရမယ်လေ၊ စိတ်နှလုံးမွန်မြတ်မှလည်း ကုသိုလ်ကံက အကျိုးပေးမယ် မဟုတ်လား၊ ကျုပ်တို့အလုပ် ကုသိုလ်ကံအလုပ်လို့ ကျွန်တော်ပြောခဲ့ပြီပဲ၊ ကဲ…ကျွန်တော့်အလုပ်နဲ့ အသက်မွေးကြောင်းတော့ ကိုတင်စိန်သိရပြီ၊ ကိုတင်စိန်ကော ကျွန်တော် မသိရဘူးလား၊ ရန်ကုန်ရောက်ရင် ဝင်ပြုလည်ရအောင် နေရပ်ကောပြောဗျာ"

"ပြောရမှာပေါ့ဗျာ၊ ကျွန်တော်လည်း ခင်ဗျားတို့နဲ့ ခပ်ဆင်ဆင်တူတဲ့ အသက်မွေးဝမ်းကြောင်းပဲ၊ အခုန ကိုစောထွန်းပြောတဲ့ စာရေးရတာနဲ့ ကျောက်တွင်းတူးတာ နှိုင်းယှဉ်ပြတဲ့ စာရေးဆရာ ဘယ်သူလဲဗျ၊ သူ့စာဖတ်ပြီး သူ့နာမည် မှတ်ထားရဲ့လား"

"ဟား…မှတ်ထားတာပေါ့ဗျာ၊ ကျွန်တော်တို့ ဖေးဗရိတ် စာရေးဆရာပဲ"

"ဒါဖြင့် ကိုစောထွန်း ရန်ကုန်ရောက်တဲ့အခါမှာ ရှမငြိမ်းမဂ္ဂဇင်းတိုက်သွား၊ အဲဒီစာရေးဆရာကိုမေး၊ ဒီနေ့တိုက်မလာဘူး၊ အိမ်မှာ စာရေးနေတယ်ဆိုရင် မန်နေဂျာကို မော်တော်ကားနဲ့ လိုက်ပို့ခိုင်း၊ ရောက်လည်းရောက်ရော ကိုစောထွန်း ကျွန်တော့်ကိုတွေ့ရော"

ကိုစောထွန်းသည် ရုတ်တရက် မျက်လုံးအကြောင်သားနှင့် ပါးစပ်အဟောင်းသားဖြစ်သွားပြီးမှ…

mgyoe.com

mgyoe.com

"ဟာ...စာရေးဆရာ သော်တာစိန်၊ ဟာ...တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ ဆရာ့နယ် စောစောကပဲ ပြောပါတော့၊ ဆရာ့နာမည်ရင်းက ကိုတင်စိန်ဆိုတာ မဂ္ဂဇင်းတစ်ခုထဲမှာတော့ ဖတ်မိသားဆရာရဲ့၊ မမျှော်လင့်ဘဲနဲ့ ဘလှိုင်မှတ်ပြီး ကြုံကြုံဖန်ဖန်ဆုံရတာ၊ ကျွန်တော့်မိန်းမများသိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ၊ သူက ဆရာ့ဝတ္ထုဆိုရင် အသည်းစွဲပေါ့၊ ကျွန်တော်တို့ဆီလိုက်လည်နိုင်ရင် သိပ်ကောင်းမှာ၊ ဆရာ အခု ဘယ်အထိသွားမလဲ"

"ကသာ"

"ကသာမှာ ဘယ်လောက်ကြာမှာလဲ"

သော်တာစိန် ခေတ္တစဉ်းစားပြီးမှ...

"မပြောနိုင်သေးဘူးဗျ"

"ဆရာ ဘယ်သူ့ဆီတည်းမှာလဲ"

သော်တာစိန်သည် ပြုံးစိစိလုပ်ပြီး...

"အဲတာလည်း မပြောနိုင်သေးဘူးဗျ"

"ဆရာကလည်း မပြောနိုင်သေးတာချည်ဘဲ၊ ကဲ...ဆရာ ရန်ကုန်မပြန်မီ ကျွန်တော်တို့ဆီ လာပြုလည်နိုင်ရင်တော့ ဟော့ဒီမှာ ကျွန်တော့်လိပ်စာပေးခဲ့မယ်ဆိုပြီး..." သူ့ဒိုင်ယာရီစာအုပ်တွင်ရေး၍ ဆုတ်ပေးကာ "ဆရာ ကျွန်တော်တို့ဆီတော့ လာဖြစ်အောင်လာဖို့ ကောင်းတယ်၊ ဒါမှ ကျောက်တူးတာတွေ၊ ကျောက်အရောင်းအဝယ်လုပ်တာတွေ ကိုယ်တွေ့မျက်မြင်ရေးပြနိုင်မှာ"

သော်တာစိန်သည် စောထွန်းလိပ်စာကို အိတ်ထဲထည့်ရင်း...

"ကျွန်တော် လာနိုင်အောင်ကြိုးစားမယ်ဗျာ"

စောထွန်းသည် သော်တာစိန်မျက်နှာကို စေ့စေ့ကြည့်နေရာမှ တစ်စုံတစ်ခု သဘောပေါက်ကာ...

"ဆရာ ကသာသွားတာ ဟန်ကျတယ်ဗျို့၊ ကိုယ်တွေ့ဝတ္ထုရေးဖို့ မမျှော်လင့်တဲ့ အဖြစ်အပျက် တွေ့ကြုံရလိမ့်မယ်"

"ဘာကြောင့်လဲဗျ"

"ဘလှိုင်နဲ့တူလို့"

"ခင်ဗျာ့ ဘလှိုင်က ဘာမို့တုန်း"

"တောခိုနေတဲ့လူ"

mgyoe.com

mgyoe.com

# (၂)

## ပိန္နဲကွင်းရွာ မရည်သန့်

"အစ်မလေး...ဈေးကိုသွား ငါးကိုဝယ်၊ ယောက်ဖလာလိမ့်မယ်"

ကသာမြို့မှ တစ်မိုင်အကွာ ဧရာဝတီမြစ်ကမ်းပေါ်ရှိ ပိန္နဲကွင်းရွာ နွားတင်းကုပ်နှင့် စပါးကျီနှင့်ရံလျက်ရှိသော သွပ်မိုးပျဉ်ထောင် နှစ်ထပ်အိမ်ကြီး တစ်လုံး အပေါ်ထပ်တွင် အသက်(၁၇)နှစ် (၁၈)နှစ်မျှ ခန့်မှန်းရသော ရုပ်ရည် သိမ်မွေ့တင့်တယ်သူ မိန်းမပျိုကလေးတစ်ယောက်သည် ညော့်သည်တစ်ယောက် တည်းခိုရန်အတွက် နေရာထိုင်ခင်း လှည်းကျင်းပြုပြင်နေစဉ် အသက်(၁၂) အရွယ်မောင်ကလေးက အစ်မကိုကူညီရင်း သီချင်းဆိုလျက်ရှိသည်။

"တံမြက်လှည်း ဖျာကိုခင်း၊ ချက်ချင်းလာလိမ့်မယ်"

မန္တလေးအထက် မြစ်ညာရပ်မှာ သားချော့သီချင်းဖြစ်သည်။ ကလေး ငယ်များလည်း ဆိုလေ့ရှိကြသည်။ ယောက်ဖကို မည်မျှလိုလားကြောင်း ပေါ်လွင်ပေသည်။ မြန်မာပြည် အချို့ဒေသတွင် ကိုယ့်နှမ လူပျိုလှည့်သူအား ရန်ပြုခြင်းများနှင့် ဆန့်ကျင်ဘက်ပေ။ ဤဝတ္ထုသည် ဤဓလေ့ကို အခြေခံယူ ပါသည်။

"အစ်မလေး ဈေးကိုသွား၊ ငါးကိုဝယ်၊ ယောက်ဖလာလိမ့်မယ်"

မိန်းမပျိုက မောင်လေး သီချင်းဆိုနေသည်ကို ရွှန်းရွှန်းစားစားကြည့် လျက်...

"နင့်ယောက်ဖက ရန်ကုန်သား၊ ငါးဟင်းစားချင်မှ စားမှာဟဲ့"

"ဒါဖြင့် ကျွန်တော်က ကြက်သားရိုက်ကြွေးမှာပေါ့ မမသန့်ရာ၊

mgyoe.com

ချိုးသားကော စားဦးမလား၊ မမခန့်ယောက်ျား ယောက်ဖကြီးကို တယ်ခိုင်းလိုက်တယ်"

"နင် အဲဒီ ယောက်ဖနှစ်ယောက် ဘယ်သူ့ပိုချစ်မလဲ"

"အတူတူပဲ ချစ်ရမှာပေါ့ မမရာ၊ ရုပ်တော့ ဟောဒီဓာတ်ပုံထဲ ကြည့်ရတာဖြင့် အခုလာမယ့်ယောက်ဖလေးက ပိုပြီးချောတယ်"

စာကြည့်စားပွဲတွင် အသင့်ထောင်ထားသော သော်တာစိန်၏ ဓာတ်ပုံကိုကြည့်၍ ပြောလိုက်လေသည်။ အစ်မကမူ တံမြက်စည်းချိုင်းညှပ်ကာ စားပွဲဆီသွား၍ ဓာတ်ပုံကိုင်ပြီး ဝင်းလဲ့သောမျက်လုံးများနှင့်ကြည့်လျက်...

"ဒါ ဓာတ်ပုံတင် မြင်ရသေးတာ မောင်လေးရဲ့၊ လူက ဖြူလား၊ မည်းလား မသိရသေးဘူး"

"မမကလည်း ကိုယ့်ရည်းစားပဲ၊ အသားဖြူလား မည်းလား စာရေးမေးရောပေါ့ဟယ်"

"ဒီလိုမေးလို့ ဘယ်ကောင်းမလဲဟယ်၊ ငါကသူ့စာတွေဖတ်ပြီး လူမမြင်ရဘဲနဲ့ ကြိုက်နေတာ၊ ဓာတ်ပုံလည်းရရော ချစ်သွားရော"

"မမဓာတ်ပုံရော သူ့ဆီ ပို့လိုက်တယ်လား"

"ပို့ရတာပေါ့ကွ၊ တို့ဟာ တစ်ယောက်ဓာတ်ပုံတစ်ယောက် မြင်ပြီးမှ သမီးရည်းစားဖြစ်ကြတာ"

"ကဲ...မမတို့ဓာတ်ပုံ ဘယ်သူက အရင်ပို့သလဲ ပြောစမ်း"

"အတူတူပဲပေါ့ကွ၊ ကလောင်မိတ်ဆွေဖြစ်ပြီး စာချင်းရင်းနှီးလာတော့ ကဲ တစ်ယောက်နဲ့တစ်ယောက် ဓာတ်ပုံချင်း လဲကြည့်ကြစို့ဆိုပြီး စာအိတ်ထဲထည့် ပို့လိုက်ကြတာပေါ့"

စားပွဲပေါ်ရှိ သော်တာစိန်၏ ပို့စကတ်ပုံကြီးကြည့်၍...

"ဟင် မမကလည်း ဒီဓာတ်ပုံအကြီးကြီး စာအိတ်ထဲ ဘယ့်နှယ်လုပ်ထည့်ရမလဲ"

"ပထမဦး ပို့တုန်းကတော့ ငယ်ငယ်ကလေးပေါ့ကွာ၊ ဟောဒီမှာ" ဟု သူ့ဇာဘော်လီအိတ်ထဲ၌ အသင့်ရှိသော တစ်လက်မခွဲ၊ နှစ်လက်မပုံကလေးကို ပြလိုက်ပြီးမှ "ဟောဒီပုံကြီးကတော့ သမီးရည်းစားဖြစ်တော့မှ စပါယ်ရှယ်ပို့လိုက်တာ"

မောင်ကလေးသည် နားထောင်ရင်း တငေးတမောနေပြီးမှ...

mgyoe.com

mgyoe.com

"ကဲ…မမတို့ချင်း ဘယ်သူက စချစ်တာလဲ"

"အို…မင်းကလည်းကွာ"

"အံမယ်…မမပြောရမယ်၊ မပြောရင် ကျွန်တော် ညနေကျသွားကြိုဖို့ လှည်းမောင်းမပို့ဘူး"

"အဲဒါကို အတိအကျ ဘယ်ပြောလို့ ပြနိုင်မလဲကွ၊ စာတွေ အသွား အပြန် ၂ နှစ်လောက်ရေးပြီးမှ ဖြစ်ကြတာ"

"ကဲ…စာစရေးတာ ဘယ်သူကလဲ"

"ဒါတော့ မမကပေါ့ဟယ်၊ သူ့ဝတ္ထုတွေဖတ်ပြီး ကြိုက်လို့ ချီးမွမ်း မိတ်ဖွဲ့စာရေးလိုက်တာ"

ချာတိတ်သည် ရယ်မော၍…

"ဒါဖြင့် မမက စကြိုက်တာပဲ"

"အို…" ရှက်စနိုးဖြင့် သူ့မောင်လေးခေါင်းပေါ် လက်ရွယ်လို့ပြီး "ဝတ္ထုကြိုက်တာနဲ့ လူချစ်တာ တခြားစီပဲကွ"

"အရင်းခံကတော့ အဲဒီက စတာပေါ့ဗျာ"

"ကဲ…ထား…ထား၊ မင်းပြောတာမှန်တယ်"

"မမ ဒါတွေ မေမေသိပြီးလား"

"မေမေ အသိမပေးဘဲနဲ့ မမ လုပ်ပါ့မလားကွယ်၊ စာတွေ အကုန်ပြပြီး မေမေ့ ပြောပြီးသား"

"ဒီတော့ မေမေက ဘာပြောလဲ"

"မေမေကလည်း မောင်ရေးတဲ့ ဝတ္ထုတွေဖတ်ပြီး သဘောကျနေတာပဲ"

ချာတိတ်သည် ရုတ်တရက် ရယ်သွမ်းသွေး၍…

"ဟော့…လူချင်းလဲ တစ်ခါမှ မတွေ့ရသေးဘဲနဲ့ မောင်လေး ချက်ပါ တယ်ကွ…ချက်ပါတယ် ဗိုက်မှာ"

နှုတ်ခမ်းစူ၊ ခြေဆောင့်၊ လက်ရွယ်…

"ဟင့်…မောင်လေး မမကို ဒီလို မပြောပါနဲ့ဟယ်"

ကောင်လေးက ကိုယ်ရှိန်သတ်လိုက်ပြီး…

"ယောက်ဖလာမှာ ကျွန်တော်ပျော်လို့ ကျီစားတာပါ မမရယ်၊ ဒါနဲ့ မမ ကျွန်တော်တို့ ဘူတာမှာ ယောက်ဖလိုက်ရှာတော့ ဒီခေတ်ပုံကြီးကိုင်ပြီး လူစေ့တက်စေ့ လျှောက်ကြည့်ရမှာလား"

"ဘယ် ဒီလို ဟုတ်မလဲကွယ်၊ တို့ချင်း အမှတ်သညာနဲ့ အချိန်း အဆက်လုပ်ပြီးသား"

"ဘယ်လိုလုပ်ထားသလဲ မမ"

"မမဝတ်မယ့် လုံချည်၊ အင်္ကျီရောင်နဲ့ သူဝတ်လာမယ့် ဘောင်းဘီ၊ ကုတ်အရောင် ပြောထားတဲ့အပြင် မမ ရင်ဘတ်မှာ နှင်းဆီပန်းအနီတစ်ပွင့် ထိုးရမယ်၊ သူ့ကုတ်အင်္ကျီမှာလည်း ပန်းနီတစ်ပွင့် ထိုးလာလိမ့်မယ်"

"ဟီးဟီး...ဒီလိုဆို ရှာဖို့အလွယ်လေးပဲ မမရယ်၊ ကျွန်တော်ဖြင့် မမြင်ရသေးတဲ့ ယောက်ဖကိုတွေ့ဖို့ တွေးပြီးပျော်နေလိုက်တာ၊ မမကောဟင်..."

"မမဖြင့် တစ်ချက်၊ တစ်ချက်၊ ရင်များတောင်တုန်မိတယ်"

"အို...မမကလည်း ကိုယ့်ချစ်သူ ရည်းစားလာမှာများ ရင်တုန်ရတယ် လို့ပဲ၊ ဘာလို့လဲ ကြောက်လို့လားဟင်"

"မပြောတတ်ဘူး၊ ကိုယ့်တစ်သက်မှာလည်း ဒီလိုချစ်တဲ့သူယောကျ်ား တစ်ခါမှ မတွေ့သေးတော့ တစ်မျိုးကြီးပဲကွယ်"

"ဒီအချိန်ဆို သူစီးလာတဲ့ရထား ဘယ်လောက်ရောက်ပြီလဲ"

စားပွဲတင်နာရီကို ကြည့်လိုက်၍ နာရီပြန် နှစ်ချက်ကျော်နေပြီးဖြစ် သဖြင့်...

"နဘား...ဘူတာရောက်ပြီကွယ့်"

* * *

mgyoe.com

mgyoe.com

## နဘားဘူတာ

အထက်ဘက်မှ အစုန်ရထားကြီးသည် တရှူးရှူး တရှားရှားနှင့် ထိုးဝင်လာလေသည်။

နဘားဘူတာသည် အထက်မြန်မာပြည်မှ မီးရထားလမ်းဆုံရာဖြစ်၍ ယခု မြစ်ကြီးနားမှလာခဲ့သော စာပို့ကြီးသည် မန္တလေးသို့သွားမည်ဖြစ်သောကြောင့် ကသာဘက် သွားလိုသူများသည် နဘား၊ ကသာ လော်ကယ်သို့ ပြောင်းရလေရကား ခရီးသွားများနှင့် ကူလီတွေ ရုတ်ရုတ်သဲသဲ ရှိလေ၏။

သော်တာစိန်မှာ အဝတ်သေတ္တာတစ်လုံးနှင့် တိုလီမိုလီထည့်သော လွယ်အိတ်တစ်ခုသာ ဖြစ်၏။ ကူလီမလိုဘဲ မိမိဘာသာဆွဲကာ ယခု ရထားမိုင်းဖုံးခေတ်အလျောက် လော်ကယ်နောက်ပိုင်းတွဲကို ရွေးချယ်၍တက်လေသည်။

ယင်းကို အသက်(၃၀)ခန့် လူပုပု လူမွေးလူရောင် ခပ်နုံ့နုံ့နှင့် ကြမ်းတမ်းခက်တရော်ပုံရှိသည့် လူတစ်ယောက်မြင်လေလျှင် တအံ့တဩ ငေးမောကြည့်ရှုပြီးနောက် သုတ်သုတ် သုတ်သုတ်နှင့်လျှောက်သွား၍ နောက်ပိတ်ဆုံးဂါတ်ဗိုလ်တွဲ ရောက်သောအခါ...

"အစ်ကိုကြီး...အစ်ကိုကြီး"ဟု ခေါ်လေလျှင် ထိုတွဲပေါ်မှာ ဂါတ်ဗိုလ် မလာသေး၍ တစ်ယောက်တည်း အေးအေးလူလူထိုင်နေသော အသက်(၄၀)ခန့် အဝတ်အစားသန့်သန့်ပြန့်ပြန့်နှင့် ကြေးရတတ်ဟု ခန့်မှန်းရသော လူတုတ်တုတ် ဖြူဖြူက မာန်မဲသောအသံဖြင့်...

"ဘာလဲဟဲ့ တုတ်ပု၊ နင် ဘာလို့ တွဲပေါ်မတက်သေးတာလဲ၊ လာလေ"

သို့သော် တုတ်ပုဆိုသူက လေပြင်းရှူရှိုက်သောအသံဖြင့်...

mgyoe.com

"နေဦး...ကိုကြီးရဲ့၊ ဘလိုင်...ဘလိုင်၊ ဟိုတွဲပေါ်မှာတွေ့ခဲ့တယ်"

ရထားပေါ်ကလူက မယုံကြည်သောမျက်နှာထားဖြင့်...

"ဟုတ်နိုင်ပါ့မလား တုတ်ပုရာ၊ ဘလိုင်လိုအကောင်က ဒီလိုပြောင်ပြောင်တင်းတင်း ခရီးသွားပါ့မလား"

"ဟုတ်ပါတယ် ကိုကြီးရဲ့၊ မယုံရင်လာကြည့်ပါ"

တုတ်ပုက အခိုင်အမာပြောသဖြင့် တွဲပေါ်ကလူဆင်းလာကာ သော်တာစိန်ရှိရာတွဲသို့ သွားကြလေသည်။ တွဲအနီးရောက်၍ အမှတ်မထင် ခပ်အေးအေးပင် ပတ်ဝန်းကျင်ကိုကြည့်၍နေသော သော်တာစိန်ကို မြင်လေလျှင် ထိုလူသည် ရုတ်တရက် အံ့သြခြင်း၊ ဒေါသထွက်ခြင်းဖြစ်သွားပြီးနောက် တင်းမာသောမျက်နှာထားဖြင့်...

"တယ်...ဒီကောင် အတင့်ရဲပါလား၊ သိရောပေါ့ကွာ"ဟု တီးတိုးရေရွတ်ပြီးလျှင် အသာ နောက်သို့ပြန်လှည့်ကာ လက်ဖက်ရည်ဆိုင်၌ရှိသော လက်မှတ်စစ်တစ်ယောက်ထံသို့သွား၍ တစ်စုံတစ်ခုပြောလေသည်။

လက်မှတ်စစ်သည် ချက်ချင်းပင် သော်တာစိန်ရှိရာ တွဲပေါ်သို့တက်သွားပြီးနောက် ခဏအတွင်း ပြန်ရောက်လာကာ ထိုသူအား...

"ကိုထွန်းအောင် သူ့လက်မှတ်က ကသာကိုဗျ"

ကိုထွန်းအောင်ဆိုသူသည် တစ်စုံတစ်ခုပြုရန် ဆုံးဖြတ်ချက်ချသော မျက်နှာထားဖြင့် သူ့လူ တုတ်ပုကိုခေါ်ကာ မိမိဆင်းလာခဲ့သော တွဲပေါ်သို့ ပြန်တက်သွားလေသည်။

မကြာမီ၌ လော်ကယ်ရထားသည် ဥသြသံ ဆူညံစွာနှင့်ထွက်လေ၏။

* * *

mgyoe.com

mgyoe.com

## ဘားမားရော်ဗင်ဟု

သံလမ်းနှင့် သံဘီးကြိတ်သံ တည်ညံနှင့် ငြိမ့်ညောင်းစွာ လှုပ်ယမ်းလာသော မီးရထားပေါ်တွင် ကိုယ်လက်အင်္ဂါတုတ်ခိုင်၍ စိတ်ဓာတ်လည်း တင်းမာပုံရှိသော ကိုထွန်းအောင်သည် ရထားနှင့်အတူ ပြေးလိုက်လာဟန်ရှိသော အဝေးရှိ သစ်ပင်ချုံပင်တွေကို ငေးမောကြည့်ရှုနေရာမှ မိမိစိတ်တွင် အခဲမကျေဖြစ်နေသော ရှခင်းတစ်ရပ်ကို ပြန်လည်၍ မြင်ယောင်လာလေသည်။

*ကိုထွန်းအောင်*

*ကျွန်တော့်ကို အရေးကြီးသောကိစ္စတစ်ခုနှင့် တွေ့ချင်သည်ဟု သိရပါသည်။ ဤကိစ္စကို ဆွေးနွေးရန်သာ ကိုထွန်းအောင် လက်နက်မပါဘဲ အဖော်တစ်ယောက်နှင့် မြို့မြောက်ဘက်က ဘကျော်ကြီး ထန်းရည်တဲကိုလာခဲ့ပါ။ ညနေ ၅ နာရီတိတိတွင် ကျွန်တော်နှင့် တွေ့ရှိရပါမည်။ ကိုထွန်းအောင်အား အန္တရာယ်မပြုဖို့ ကတိပေးပါသည်။*

*သစ္စာရှိစွာနှင့်*
*ဘလှိုင်(ခေါ်)ဗိုလ်ဖုန်းလှိုင်*

ဤစာအရ ကိုထွန်းအောင်သည် ဘာလက်နက်မှ မကိုင်ဆောင်ဘဲ မိမိလက်စွဲတော် တုတ်ပုနှင့်အတူ လေးနာရီခွဲအချိန်တွင် ချိန်းဆိုထားသော ဘကျော်ကြီး ထန်းရည်တဲအတွင်းသို့ ဝင်သွားသည်။

ကိုထွန်းအောင်သည် မြို့မျက်နှာကြီးဖြစ်၍ ထန်းရည်ဖြင့် အသက်မွေးရသူ ဘကျော်ကြီးက ထန်းရည်ကို အမြည်းနှင့် ရိုသေစွာပြုစု၏။

မလာစဖူး ထူးထူးခြားခြား ဘာကိစ္စများ လာသနည်းဟုမေး၏။

mgyoe.com

ကိုထွန်းအောင်သည် နာရီကိုကြည့်ကာ မကြာမီသိရမည်ဟုပြော၍ ထန်းရည်တစ်ခွက်သောက်ပြီး ယုန်သားကင်ကို မြည်း၏။

တုတ်ပုနှင့် တီးတိုးစကားပြော၏။

နာရီကို မကြာခဏကြည့်၏။

တောင်မြောက်လေးပါးကို လှမ်း၍မျှော်၏။

၅ နာရီထိုး၍ ၅ မိနစ်လေကျော်လျှင် စိတ်တိုစွာနှင့် သည်းမခံနိုင်တော့ဘဲ...

"ခွေးမသား...ငါ့ကို အရူးလုပ်ပြီ ထင်ပါရဲ့၊ ခုထက်ထိမလာဘူး"

ယင်း၌ အနီးရှိစားပွဲတွင် ထန်းရည်သောက်နေသော ဂျင်းဖောအဝတ်အစား အပြည့်အစုံနှင့် လူတစ်ယောက်သည် မျက်နှာက နှုတ်ခမ်းမွေးနှင့် ခေါင်းပေါင်းကိုဖြုတ်လိုက်ကာ ထိုင်ရာမှထလာပြီး...

"ဘလိုင်ဟာ ဘယ်တော့မှ ဒီလိုမလုပ်တတ်ပါဘူး၊ ကျုပ်မှာ ဂျင်းဖောတောသားတစ်ယောက်အနေနဲ့ နာရီဆောင်မလာသင့်လို့ အချိန်အတိအကျမဖြစ်ရတာပါ၊ ဒါကို ခွင့်လွှတ်ပါ ကိုထွန်းအောင်၊ ကဲ...ရှိတဲ့ကိစ္စကို ဆွေးနွေးပါ"

ကိုထွန်းအောင်သည် ကျေနပ်စွာ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"မင့်အရင် ငါပြောလိုက်တာတွေ မှတ်မိတယ်မဟုတ်လား"

"တစ်လုံးမကျန် မှတ်မိပါတယ်ဗျာ"

"ကဲ...ဒါဖြင့် အခု ပထမ ငါလိုချင်တာက မင်းလက်နက်ချပြီး အလင်းဝင်ပါ"

ဘလိုင်မျက်နှာသည် အံ့သြဟန်ဖြစ်သွားပြီးမှ...

"ရက်စက်လှချည်လား နောင်ကြီးရာ၊ လက်နက်ချဆိုတဲ့ ဝေါဟာရဗိုလ်ဖုန်းလှိုင်ခေါ်တဲ့ ဘလိုင်ရဲ့အဘိဓာန်ထဲမှာ မရှိပါဘူး"

"ဒါဖြင့် မင့်အဘိဓာန် ငါကရေးပေးရမှာပေါ့"

"ဘယ်လိုရေးမှာလဲ ခင်ဗျာ"

"မင်းတို့ ကွန်မြူနစ်လိုပဲ ဖြစ်တဲ့နည်းနဲ့ပေါ့၊ ကဲ...ဟေ့ တုတ်ပု"

ယင်း၌ တုတ်ပုသည် လျင်မြန်စွာ ကျယ်လောင်သော လက်ခေါက်ခွန်းဆင့်မှုတ်လိုက်လေသည်။

ဘလိုင်က ကိုထွန်းအောင်မျက်နှာကိုကြည့်ကာ...

"နောင်ကြီး သစ္စာဖောက်တယ်ဗျာ"

mgyoe.com

mgyoe.com

"ဘာဖောက်ရမှာလဲ၊ ဒီမှာ မင်းစာကြည့်ပါဦး(စက္ကူဖြန့်ပြ၍)ငါ့ကို လက်နက်ယူမလာဖို့သာပါတာ၊ ပျူစောထီးခေါ်မလာဖို့မှ မပါတာဘဲ"

ဘလှိုင်က စာရွက်လက်ထောက်ပြ၍...

"ဒီနေရာ ကြည့်ပါဦးခင်ဗျာ၊ (ဤကိစ္စ ဆွေးနွေးရန်သာ)လို့..."

စကားမဆုံးမီ လက်နက်ကိုင်လူများသည် ထန်းရည်တဲအတွင်းသို့ ဝင်လာလေသည်။

ကိုထွန်းအောင်သည် သူ့လူ ပျူစောထီးများကို လက်နက်ကိုယ်စီနှင့် စောစောကပင် ထန်းရည်တဲပတ်ဝန်းကျင်မှာရှိသော ချုံပုတ်များထဲတွင် ခိုအောင်းနေစေ၏။

ကိုထွန်းအောင်သည် အောင်မြင်သောအသံဖြင့်...

"ကဲ...ဘယ့်နှယ်လဲဟေ့ ဘလှိုင်၊ လက်နက်ချဆိုတဲ့ ဝေါဟာရဟာ မင့်အဘိဓာန်မှာ တွေ့ရပြီမဟုတ်လား"

သို့သော် ဘလှိုင်က အေးဆေးစွာပင်...

"ဘယ်တော့မှ မတွေ့ရပါဘူး ကိုထွန်းအောင်ရာ၊ အခုလာတဲ့လူတွေ မျက်နှာများမော်ကြည့်ပါဦး"

ကိုထွန်းအောင်သည် ရုတ်တရက် အံ့အားသင့်ကာ သေချာစွာကြည့်လိုက်သည်၌ ထီးယူနီဖောင်းကို ဝတ်ဆင်ထားသော ဘလှိုင်၏လူများ...

လှိုင်။ ။"ကျွန်တော့်ကို ဒီလိုအထင်သေးတာဟာ ကိုထွန်းအောင်အမှားပဲ၊ ကျွန်တော့်ရည်ရွယ်ချက်မှာ ကိုထွန်းအောင်က ရိုးသားစွာ ဆွေးနွေးဖို့လာတယ်ဆိုရင် အေးချမ်းစွာ ဆွေးနွေးဖို့ပဲ၊ အခုလို စောထီး (သို့မဟုတ်) ပုလိပ်ခေါ်လာရင် ဒီလိုပဲ လူချင်းလဲဖို့ ကျွန်တော်စီမံထားတာပဲ၊ ကိုထွန်းအောင်ခေါ်လာတာက လူငါးယောက်ထဲ၊ ကျွန်တော့်မှာ နောက်လိုက် နှစ်ဆယ်ကျော်အသင့်ရှိတယ်"

ကိုထွန်းအောင်သည် လွန်စွာခံပြင်းသော မျက်နှာထားဖြင့်...

"မင်းက ငါ့ကို ရော်ဗင်ဟု လုပ်လိုက်တာပေါ့လေ"

"ဟုတ်ကဲ့...ကိုထွန်းအောင်က မြို့ဝန်မင်းအကြံ ကြံလာတာကိုး၊ သို့သော် ရော်ဗင်ဟုက မြို့ဝန်မင်းဆီက ငွေထုပ်ယူတာလို ကျွန်တော်က ကိုထွန်းအောင်ဆီက မယူပါဘူး"

"မင်းလိုချင်လို့တော့ ငါ့ဆီမှာ ဘာမှပါမလာဘူး"

"အခုပါမလာကော ခင်ဗျာ့လို ပက်ဒီးဘူဇွာတစ်ယောက်ကို ပြန်ပေးဆွဲ

mgyoe.com

လိုက်ရင် ငါးသောင်းတော့ အေးအေးကလေး ထွက်လာမှာပေါ့၊ သို့သော် ကျွန်တော်က တော်လှန်ရေးနာမည်ခံပြီး ဒီလိုစီးပွားရှာတဲ့ လူစားမျိုးမဟုတ်ပါဘူး၊ ကဲ…ကိုထွန်းအောင် သွားနိုင်ပါပြီ၊ မြင့်မြင့်ကိုသာ ပြောလိုက်ပါ၊ ကျွန်တော်ဟာ ကျန်းမာကြံ့ခိုင်စွာပဲ ရှိတယ်လို့"

တရိပ်ရိပ်ပြေးလျက်ရှိသော မီးရထားပေါ်တွင် ကိုထွန်းအောင်သည် ဤအကြောင်းကို ပြန်ပြောင်းစဉ်းစားရင်း ခံပြင်းလှသောမျက်နှာထားဖြင့် အံကို ကျစ်ကျစ်မြည်အောင် ကြိတ်လိုက်လေသည်။

■

mgyoe.com

mgyoe.com

(၃)

## ပွင့်စမာလာ

ပိန္နဲကွင်းရွာ ဖော်ပြခဲ့ပါ မရည်သန့်တို့အိမ် အပေါ်ထပ်တွင် တစ်ယောက်အိပ်ခုတင်တစ်လုံးကို မွေ့ရာ၊ ခြင်ထောင်နှင့် အသင်ပြင်ပြီးနေ၍ လှပစွာ ဝတ်စားဆင်ယင်ထားသော မိန်းမပျိုကလေးသည် ထိုအိပ်ရာပေါ်၌ ပက်လက်လှန်ကာ ယောကျ်ားပျို၏ဓာတ်ပုံကို မျက်နှာအပ်၍ စိတ်ကူးယဉ်လျက်ရှိလေသည်။ အနီး၌ တစ်စုံတစ်ယောက်ရှိနေမည်ဆိုလျှင် တီးတိုးပြောနေသံကို ကြားရပေမည်။

"မောင်နော်..,မောင်...ဟော့ဒီခုတင်ပေါ်မှာ ဟောဒီလိုပဲ အိပ်ရမယ်၊ ညအချိန်မတော် သန့်အခန်းတော့ ထမလာရဘူး သိရဲ့လား၊ ဟင်း...အထဲက နေပြီး တံခါးမင်းတုံးချထားလိုက်မှာဆရာ၊ နို့ပြီး သန့်က မောင်ကလေးနဲ့ အတူအိပ်တာ၊ မဖြစ်ပါဘူး မောင်ရယ်...မေမေ့ အခန်းကလည်း ခြေရင်း ခေါင်းရင်း ကပ်လို့၊ မင်္ဂလာ မင်္ဂလာဆောင်ပြီးမှ မောင့်သဘောနော်...ဟုတ်လား၊ အဲဒီတော့ မောင် သန့်ပိုင်ရော၊ သန့်ကလည်း မောင့်ကိုပိုင်ရော၊ ကြည့်လေ...ကြည့်လေ"ဓာတ်ပုံနဖူး လက်ညှိုးနှင့်ထောက်၍ "သူ့ ဒီက အကောင်းပြောနေတာ၊ သူက ပြုံးစိစိနဲ့ ဟင်း...မောင့်နဖူးကလည်း လှလှကလေး၊ ခေါင်းကလည်း ဆံပင်အခွေကလေးတွေနဲ့၊ နို့ပြီး ပါးချိုင့်ကလည်း ရှိသေးတော့ ကေန္တ...ကေန္တ မောင်ဟာ မျက်နှာများမယ့်လူပါ၊ ဒီလိုဆို သန့်မကြိုက်ဘူးကွယ် သိလား၊ ဟင့်...ဟင့်" ရှိုက်ရင်း ကိုယ်ကလေးကို စောင်းပစ်လိုက်သည်။

mgyoe.com

mgyoe.com


"ကြည့်လေ…သူ ဘယ်လောက်များတတ်နိုင်သလဲ၊ လူများကို ရိုးရိုး မိတ်ဖွဲ့စာရေးတာပဲ၊ နာမည်ကလေးက 'မရည်သန့်'ဆိုတော့ သိပ်စာပေဆန်တဲ့ စကားလုံးလေးပဲတဲ့၊ နို့ပြီး အသက်လည်း (၁၆)နှစ်ဆိုတော့ (အို…ငါကလည်း ဘာပြုလို့များ ကိုယ့်အသက်အရွယ်ပါ ထည့်ရေးလိုက်မိတယ်မသိပါဘူး။) ကိုယ့်ရဲ့ ညီမလေးလောက်ရှိတာပဲ၊ ညီမလေးတစ်ယောက်ရလို့ ဝမ်းသာပါ တယ်ဗျာဆိုပြီးတော့ သူ့ကိုယ်သူ ဒီက ဦးသော်တာစိန်ရေးနေရာက 'အစ်ကို စိန် ဖြစ်အောင်လုပ်တယ်၊ နောက် ဓာတ်ပုံချင်းလဲပြီး တယ်မကြာပါဘူး လူများကို အစ်ကိုစိန်ခေါ်နေရာက 'မောင် ဖြစ်သွားအောင် သူလုပ်တယ်၊ သူအားကြီး တတ်နိုင်တယ်၊ အငေါ်ဝိဇ္ဇာ အငေါ် ပါမောက္ခကြီးပေါ့လေ ဟုတ်လား၊ ဒီစကားလုံးတွေဟာ သူ့ကိုယ်သူဟုတ်နေလို့ သူ့ဟာသူရှာထွင်တာပဲ' နှုတ်ခမ်းကလေး စူသွားပြန်ကာ 'ဒီလိုဆို မောင်ဟာ အားကြီးကြောက်စရာ ကောင်းတာပေါ့၊ မြန်မာတစ်ပြည်လုံးမှာ သန့်လိုပဲ မောင့်ဆီ မိတ်ဖွဲ့စာရေး မယ့် မိန်းကလေးတွေ အများကြီး၊ အဲဒီဟာတွေကိုသာ မောင်က သန့်ကို လုပ်သလို အို…အို…အို သန့် ဆက်မတွေးဝံ့တော့ဘူးသိလား"

နား‌နှစ်ဖက်ကို လက်ဝါးနှင့်ပိတ်လိုက်ကာ ရွှေရင်အုံ နိမ့်ချည်မြင့်ချည် နှင့် သက်ပြင်းရှူရင်း နှုတ်မှတီးတိုးသံ ခေတ္တပြတ်သွားသည်။

ပြီးမှ တစ်ဖန်အိပ်ရာက ငေါက်ခနဲထပြီး ခုတင်ပေါ် တင်ပါးလွှဲ ထိုင်၍ ဓာတ်ပုံကိုကောက်ကိုင်ပြန်ကာ လက်ညှိုးငေါက်ငေါက်ထိုးလျက်…

"မောင်ဟာ စာရေးလည်းကောင်းတယ်၊ ရုပ်လည်းချောတယ်၊ ရည်း စားတွေ အများကြီးရှိမှာပဲ၊ ဟုတ်လား မဟုတ်ဘူးလားပြော၊ ဟင်း…ဒီကိစ္စကို လူကိုယ်တိုင်ရောက်လာမှ မျက်နှာချင်းဆိုင် ရှင်းရမယ်၊ သန့်ကို မလိမ်ရဘူး၊ မဝါရဘူး၊ မှန်တာကိုပြော ဟုတ်တာကိုဝန်ခံရင်ဖြင့် သန့်က ဒီလောက်မရိုင်း ဘူး၊ အတိတ်ကို ခွင့်လွှတ်မှာပဲ၊ အဲ…သန့်ဆီရောက်ပြီးမှ နောက်ထပ် ဘာဘာ ညာညာဆိုရင်ဖြင့် မိသန့်အကြောင်း ပြလိုက်မယ်၊ မောင့်ကျောပြင် ဗြောတင် ပြီသာမှတ်ပေရော့"

ယင်းအခိုက် အိမ်ရှေ့လမ်းမမှ နွားချူသံကြားရပြီးနောက် အိမ်အောက် ထပ်မှ…

"သမီးရေ…ရွှေဂဲ လှည်းယူလာပဟော့"

မေမေ့အသံကိုကြားရသည်၌ လက်သီးကလေးဆုပ်ကာ၊ နှုတ်ခမ်း ကလေးစူကာ ဓာတ်ပုံကိုကြည့်ပြီး တစ်ယောက်တည်း ဒေါပွနေသော မရည်

mgyoe.com

သန့်ကလေးမှာ သူ့ဟာသူသတိရပြီး ရုတ်တရက် ရှက်သွေးဖြန်းသွားလျက် မျက်နှာလက်ဝါးနှင့်ဝှက်ပြီး ဆံစကလေးများသိမ်းရင်း...

"ဟုတ်ကဲ့...မေမေ"

ခုတင်ပေါ်မှ ဆတ်ခနဲ ဆင်းလိုက်ပြီးနောက် မှန်တင်ခုံရှေ့သို့သွားကာ အင်္ကျီ၊ ထဘီကို ပြင်ဝတ်သည်။

အင်္ကျီအဝါနုရောင်ကလေးနှင့် ထဘီမှာ အစိမ်းအပြာပွင့် အဝါရင့်ရောင်အောက်ခံဖြစ်၍ သွယ်လျနွဲ့ပျောင်းသော သူ့ကိုယ်ကလေးသည် ပွင့်သစ်စ ပိတောက်ပန်းတစ်ခက်နှင့် တူလေသည်။

မျက်နှာအလှပြင်ပြီးသည်၌ လန်းဆတ်နီရဲသော နှင်းဆီပန်းကို ရင်ဘတ်မှာ ထိုးလိုက်လေ၏။

* * *

mgyoe.com

mgyoe.com

## လှည်းယာဉ်နှင့်မောင်း

မရည်သန့်၏မောင်ကလေး ရွှေဂဲသည် နဖူး၊ လည်ပင်းနှင့် ကိုယ်ထည်မှာ ချူကုံးများတပ်ဆင်ထားသော နွားနှစ်ကောင်ကသည့် လှည်းယာဉ်ကလေးကိုမောင်းကာ အိမ်ဝင်းထဲဝင်လာသည်။ လှည်းပေါ်မှာ မရည်သန့်၏ အစ်မ မကြည်ခန့်နှင့် သူ့ယောကျ်ားပါလာသည်။

လှည်းရပ်လျှင် ဤဇနီးမောင်နှံသည် လှည်းပေါ်မှဆင်းကြ၍ မေမေ့ဆီသို့လာသည်။

မကြည်ခန့်။ ။"မေမေရယ်...ရွှေဂဲပြောမှ အားလုံးသိရတယ်၊ မေမေတို့ဟာ ဘယ်လိုစိမ်တာတုန်း"

"မေမေစိမ်တာ မဟုတ်ပါဘူးအေ...သူတို့ဟာသူတို့ စာပေးစာယူလုပ်ရင်းက သမီးရည်းစားဖြစ်ကြတယ်"

"လူချင်းမြင်ဖူးတာ မဟုတ်ဘဲနဲ့တော် အံ့အံ့ပါရဲ့"

"ဓာတ်ပုံချင်းလဲကြတာအေ့"

"ဓာတ်ပုံမြင်ရရုံနှင့် ဖြူလား၊ မည်းလား၊ နူလား၊ ဝဲလား ဘယ့်နှယ်လုပ်သိနိုင်မလဲ"

သူ့ယောကျ်ား။ ။"ခုခေတ် ဒီလိုဖြစ်ကြတာတွေ အများကြီးမကြည်ခန့်ရဲ့"

"ဒီလိုဖြစ်ကြတော့ ယောကျ်ားတွေအဖို့ မထောင်းတာပါဘူး၊ မိန်းကလေးအဖို့ ဟိုလူကမှုမမှန်တော့ မခက်ပေဘူးလား၊ မေမေက အခုအိမ်လက်ခံဖို့တောင် စိမ်တယ်"

"သမီးရဲ့ သူတို့ချင်းမနေနိုင်လို့ ဖြစ်ကြတော့ တခြားမှာချိန်းတွေ့

mgyoe.com

mdyoe.com

တာထက် အိမ်မှာတွေ့ခွင့်ပေးလိုက်တာက မကောင်းဘူးလားကွယ်၊ ကိုယ့်မျက်စိရှေ့တင်"

"ဒါတော့ ဟုတ်ပါတယ်၊ မေမေအိမ် ဖိတ်မန္တကပြုရလောက်အောင် ဒီလူအကြောင်း ဘာမျှားသိရသေးလို့လဲ၊ အိမ်ရောက်လာတော့ အပြောအဆိုနဲ့ ရုပ်ရည်ရူပကာတော့ ရန်ကုန်သားပီပီ ကောင်းပါပြီတဲ့ရှင်၊ ဒါပေမဲ့ သူ့နောက်ပိုင်းမှာ သားကြီးမယားကြီးရှိနေတော့ ဘယ့်နှယ်လုပ်မလဲ၊ မြို့ကြီးသားတွေ စိတ်ချရတာ မဟုတ်ဘူး"

"သမီးပြောတာတွေ မေမေ စဉ်းစားပြီးသားပါ၊ ဒါကြောင့် ရန်ကုန်မှာ ကိုယ့်သွေးကိုယ့်သားထဲက စိတ်ချရတဲ့ မောင်စံဝင်းကို စုံစမ်းခိုင်းလိုက်တယ်၊ မောင်စံဝင်းက ရှုမငြီးစာအုပ်တိုက် အဆက်အသွယ်ရှိတော့ အဲဒီစာရေးဆရာကို ရင်းရင်းနှီးနှီးပဲသိတယ်တဲ့၊ လွတ်လွတ်လပ်လပ် လူပျိုပါပဲတဲ့၊ အယ်ဒီတာခနဲ့ သူ့ဟာသူ ဝတ္ထုရေးတာနဲ့ တစ်လတစ်ထောင်လောက် ဝင်ငွေရှိတယ်တဲ့"

မကြည်ခန့်မျက်နှာ ရွှင်လန်းသွားကာ...

"ဟုတ်လား မေမေ...ဒီလိုဆို ကောင်းပါလေတော်"

"နို့ပြီး...စာရေးဆရာတစ်ယောက်ဂုဏ်နဲ့ အိမ်တိုင်ယာရောက်လာတယ်ဆိုတော့ သူ့မေတ္တာစစ်လိမ့်မယ်ဆိုတာလည်း မေမေယုံတယ်"

"အမယ်လေး...ဒါတော့ မေမေကိုယ်တိုင်က သော်တာစိန်ဝတ္ထုတွေဖတ် သဘောကျပြီး..."

"နို့...မမကော..." မရည်သန့်ကလေးသည် စိတ်တိုင်းကျပြင်ဆင်ပြီး အိမ်ပေါ်မှဆင်းလာရင်း သူ့အစ်မစကားကိုကြား၍ ဝင်ထောက်လိုက်သည်။

"မမပဲ သော်တာစိန်ရေးတဲ့ဝတ္ထုတွေ ကောင်းတယ်၊ ကောင်းတယ်ဆိုပြီး အိမ်ယူယူလာလို့ ကျွန်မ စပြီးဖတ်ရတာ"

ခန့်။ ။"အေး...ဒါကတော့ သော်တာစိန်ဝတ္ထု ဖတ်ရုံတင်လောက်ပါ"

သန့်။ ။"ဒါကတော့ ကိုယ့်ကုသိုလ်ကံ အကျိုးပေးသလောက်ပေါ့"

ခန့်။ ။"အောင်မာ...ကောင်မက သူ့လင်ပဲသူ" မခံချင်စိတ်နှင့် ရုတ်တရက် စကားမှားသွား၍ "အယ်...ဟုတ်သေးပါဘူး"

"ဟုတ်တယ်၊ အဲ...အတည်ပြုလိုက်ပါတော့ဗျာ၊ မကြာမီဖြစ်ကြတော့မှာပဲ၊ ဟဲ...ဟဲ"

mgyoe.com

လှည်းနှင့်နွားကို နေသားတကျပြုပြီးမှ အိမ်ထဲဝင်လာသော ရွှေဂဲက ထောက်ခံလိုက်သည်။

မကြည်ခန့်က မျက်လုံးတစ်ချက်ဝင့်၍…

"နင်ကတော့ ယောက်ဖရမယ်ဆို ဝမ်းသာနေပေါ့လေ"

ဂဲ။ ။"မသာဘဲရှိမလား မမခန့်ရယ်…ကိုယ့်ကိုကျွေးမွေးပြုစုမယ့် လူတစ်ယောက် ကောက်ရတာပဲ၊ ဟော…ကျွန်တော် (၁၀)တန်းအောင်လို့ ရန်ကုန်သွားကျောင်းနေရမယ်ဆိုတော့ အခုလာမယ့်ယောက်ဖက ရန်ကုန်သားဗျ၊ ဘယ်လောက်ဟန်ကျလဲ"ဟု ပြောလိုက်ပြီး သူ့အမေဘက်လှည့်၍ "ကဲ… ယောက်ဖထိုင်ဖို့ ကော်ဇောပေးကြပါဦး"

ခန့်။ ။"မင့်ဟာ ဘုန်းကြီးပင့်တာကျနေတာပဲ"

ဂဲ။ ။"ဘုန်းကြီးပင့်တာထက် အရေးကြီးပြီလား မမရ၊ ဘုန်းကြီး ဆိုတာ ဆွမ်းစားပြန်ကြွသွားတာ၊ အခုကိုယ်တော်ကတော့ တော်တော်နဲ့ ပြန်မှာမဟုတ်ဘူး"

ခန့်။ ။"ကြည့်စမ်း…ဒီကောင်လေးကို စကားတတ်နေတယ်"

ဂဲ။ ။"ဒါတော့ မမခန့်ပဲ ကျွန်တော့်စပြီးသင်ထားတာကို"

ခန့်။ ။"မင်းများ ငါဘယ်လိုသင်ရလို့တုန်း"

မကြည်ခန့်ယောကျ်ားကို လက်ညှိုးထိုးပြကာ…

"ဟောဒီ ယောက်ဖကြီး အိမ်ရောက်လာစတုန်းကလေ ကျွန်တော်က လေးငါးနှစ်သားလောက်က ဘာနားမလည်၊ ညာနားမလည်နဲ့ ဒီလူကြီး ဘယ် တော့ပြန်မလဲ၊ ပြန်မလဲမေးတော့ မမခန့်ကို နက်ဖြန်ပြန်မယ်၊ သန်ဘက်ခါ ပြန်မယ်နဲ့ပဲ၊ ဟော…ဘယ်တော့ပြန်တော့လို့လဲ"

အားလုံးပင် ဝိုင်း၍ ရွှေဂဲကို ချစ်စနိုးရယ်မောကြသည်။ နောက်ဆုံး၌ သူတို့မေမေက…

"ကဲ…သွားကြ၊ အချိန်ဆိုတာ ကိုယ်ကစောရောက်နေရင်ကောင်းတယ်"

ခန့်။ ။"ဘယ်လူ ဘယ်လူသွားကြမလဲ"

ဂဲ။ ။"ကျွန်တော်တို့မောင်နှမပဲပေါ့ဗျ၊ မမခန့်က ဘာလို့ ရှုတ်ချင် သေးလို့လဲ"

ခန့်။ ။"မရှုတ်ချင်ပါဘူးကွယ်၊ မင်းတို့ဟာမင်းတို့ပဲ သွားပင့်ချေ ကြပါ"

mgyoe.com

mgyoe.com

မရည်သန့်ကလေးသည် လှည်းယာဉ်အိမ်ကလေးထဲမှာ ကော်ဇောကို တန်ရုံကလေးခေါက်ခင်းပြီး ထိုင်လိုက်လေသည်။

မောင်ကလေးရွှေဂဲသည် လှည်းဒေါက်ကိုဖြုတ်ကာ လှည်းပေါ် ဇွေ့ခနဲ ခုန်တက်လိုက်ပြီး ကျွမ်းကျင်စွာ မောင်းနှင်ထွက်ခွာသွားလေသည်။ နွားချူသံ တချွင်ချွင်နှင့် နွားခြေ 'ဆရံ'မှ ခတ်ထုတ်လိုက်သော ဖုန်ခိုးတို့သည် ရွာရိုးမှာ စီလျှံဝေသွားလေ၏။

ညနေတစောင်း နေခြည်ကကောင်းတုန်းမို့ မရည်သန့်သည် မရန်း နုရောင်ပိုးထီးကို ဖွင့်ဆောင်း၍ နေကာမျက်မှန်ကိုတပ်လိုက်ရာ သူ့မျက်နှာ ပပဝင်းကလေးသည် ပင်ကိုပေါ်လွင်သော နှုတ်ခမ်းမို့ နီတျာတျာနှင့် လွန်စွာ ပဏာရလေ၏။

သူ့မောင်ရွှေဂဲသည်ပင် လှည်းမောင်းရင်း သူ့အစ်မကို မကြာခဏ လှည့်လှည့်ကြည့်ပြီးသည်၏ နောက်ဆုံး၌ "အစ်မကကွာ လင်ရခါနီးမို့ထင်ပါရဲ့ သိပ်လှနေတာပဲ"ဟု မှတ်ချက်ချလိုက်၏။

မရည်သန့်မှာလည်း ဤအချိန် ဤအခါတွင် စိတ်၏အတက်ကြွဆုံး ဖြစ်နေ၍ ပွင့်လင်းရွှင်မြူးစွာပင်...

"အရင်တုန်းကကော မလှဘူးလား မောင်လေးရဲ့"

"အရင်တုန်းက လှတာကတစ်မျိုး၊ အခုလှတာက တကယ့်မြို့ကြီး သူရဲ့အလှ"

မရည်သန့်သည် အထက်တန်းကျကျ အဖိုးတန်ပစ္စည်းများနှင့် ဆင် ယင်ထားသော သူ့ကိုယ်ကိုငုံ့ကြည့်ရင်း...

"အို...ဟုတ်လာကွယ့်"ဟု ဆိုလိုက်ပြီး သူ့ကိုယ်သူ ကျေနပ်စွာနှင့် ဒါတော့ ငါ့လင်က မြို့ကြီးသားဆိုတော့ မြို့ကြီးသူလို ဆင်ခဲ့ရတာပေါ့ မောင်လေးရဲ့"

"ဪ...ဒါနဲ့ မမ"

"ဘာတုန်း မောင်လေး"

မောင်ရွှေဂဲသည် တစ်စုံတစ်ခုကို အတွေးကျူးလျက်...

"အခုည မမနဲ့ ငါ...အတူမအိပ်ရတော့ဘူးပေါ့"

"ဟဲ့...ဘာကြောင့်တုန်း'

"ယောက်ဖလာပြီကို"

mgyoe.com

"အို...မဟုတ်တာ၊ တို့မင်္ဂလာမှမဆောင်ရသေးတာပဲ"

"မင်္ဂလာက ဘယ်တော့ဆောင်မှာလဲ"

"ဒါတော့ လူကြီးတွေ နေ့ကောင်းရက်သာ ရွေးပေးမှာပေါ့"

"နင်တို့မင်္ဂလာဆောင်ပြီး ရန်ကုန်လိုက်သွားမှာလားဟယ်"

မရည်သန့်သည် နေးကွေးသွားကာ...

"ဒါတော့ မပြောတတ်သေးဘူးကွယ်"

ထိုနောက် အတွေးကိုယ်စီနှင့် စကားပြတ်သွားကြပြီး လှည်းကို ကကြိုးသတ်လိုက်၊ ကကြိုးနှင်လိုက်ဖြင့် ကသာမြို့ဆီသို့ ချဉ်းကပ်သွားကြလေ၏။

■

mgyoe.com

mgyoe.com

(၄)

# မောင်လာပြီ သီဂီရွဲ့ရယ်

မောင်...အချစ်

မောင်အဝတ်အစားက သန့်တို့ဆီက မီးရထားခရီးသည်တွေထဲမှာ ထူးခြားထင်ရှားအောင် မီးခိုးရောင်ဘောင်းဘီ၊ အင်္ကျီနဲ့ဆိုတော့ မောင်က အင်္ဂလိပ်ရုပ်ရှင်မင်းသားနဲ့ တူနေမှာပေါ့လေ...ဟုတ်လား။

သန့်ကတော့ မောင်ရေးတဲ့ဝတ္ထုတစ်ပုဒ်ထဲမှာ "ပိတောက်ပန်းတစ်ခက်နှင့်တူသော မိန်းမပျိုကလေး" ဆိုတာမျိုး ဖြစ်အောင် နိုင်လွန်နံ့သာရောင်နဲ့ ဇရီကိတ်အဝါရင့်ခံကို ဝတ်ခဲ့မယ်သိလား။ နို့ပြီး မောင်မှာတဲ့အတိုင်း နှင်းဆီပန်းနီနီကိုလည်း ရင်မှာထိုးမယ်... မေလ (၁၅)ရက်နေ့နော် မောင်၊ သန့် ကသာဘူတာက ကြိုရမှာ၊ ဆက်ဆက်လာနော်မောင်၊ မေမေကိုလည်း အားလုံးပြောပြီးသား။ မေမေက မောင့်ကို သဘောကျပြီးသား၊ သန့်တို့မှာ ဖေဖေရှိတော့တာတော့ မဟုတ်ဘူး၊ မေမေ့သဘောတစ်ခုပဲ။ မောင်ဟာ သန့်ကိုမြင်တော့ တောသူမရယ်ဆိုပြီး စိတ်ပျက်သွားမှာ စိုးလှပါတယ် မောင်ရယ်...သန့်ကိုသနားပါနော်၊ သန့်ကတော့ မျှော်နေပြီမောင်ရဲ့။ မောင်ချိန်းတဲ့ ရက်မှား မောင် ပါမလာဘူးဆိုရင်ဖြင့် သန့် အသည်းကွဲပြီသာ မှတ်ပါတော့ မောင်ရယ်...။

သော်တာစိန်သည် ချစ်စရာလက်ရေးကလေးနှင့် ညှတာတာစာလုံးကလေးများကိုဖတ်ကာ ပြုံးလေသည်။

mgyoe.com

mgyee.com


ညနေ ၄ နာရီကျော် အညာမှစုန်ခဲ့သော လော်ကယ်ရထားသည် ဖက်ဆွတ်တောင်ပေါ်ရောက်သည်၌ ကသာမြို့နီးကပ်ပြီသိရ၍ သော်တာစိန်သည် မျက်နှာသစ်၊ ခေါင်းဖြီး၊ အဝတ်အစားလဲလှယ်ပြီးကာ မရည်သန့်ဆီက နောက်ဆုံးစာလေးကို ဖတ်လိုက်၊ သူ့ဓာတ်ပုံလေးကိုကြည့်လိုက်နှင့် ရင်တလှပ်လှပ် လှုပ်ရှားနေလေသည်။ လူချင်းမမြင်ရဖူးသေးဘဲနှင့် ဓာတ်ပုံကြည့် စာကလေးတွေဖတ်၍ စွဲခဲ့ရသောအချစ်၊ နှစ်ကာလကြာခဲ့ပါပြီ။ ယခုမှ တွေ့ရမည်။

"မောင်လာပြီ သင်္ဂီရယ် ဆီးကြိုကွယ့်လေး"

ဖက်ဆွတ်တောင်ခြေရောက်ပြီး မကြာမီ မြို့ဝင်ဥသြ ဆွဲလိုက်သည်၌ သော်တာစိန်သည် သူ့အင်္ကျီရင်ဘတ်တွင် ပလတ်စတစ်ပန်းနီနီကို ထိုးလိုက်ကာ ရထားပြတင်းပေါက်မှ ကိုယ်တစ်ပိုင်း အပြင်သို့ထုတ်ခဲ့သည်။

ကသာဘူတာသို့ မီးရထားဝင်လေပြီ။

မရည်သန့်ကလေးတို့မောင်နှမသည် တစ်ယောက်လက် တစ်ယောက်ကိုင်ကာ ရထားခေါင်းတွဲမှ စကြည့်၍ လျှောက်ခဲ့ကြသည်။

ကုတ်အင်္ကျီပြာပြာနဲ့၊ ရင်ဘတ်ပန်းနီနီနဲ့၊ နဖူးလှလှနဲ့ ဆံပင်အခွေအခွေကလေးတွေနဲ့။

မရည်သန့်စိတ်ထဲမှ ရေရွတ်လာခဲ့သည်။ သူ့လက်တစ်ဖက်မှလည်း သော်တာစိန်၏ ဓာတ်ပုံငယ်ကလေးကို လက်ကိုင်ပဝါလေးနှင့် ညှပ်ကိုင်ထားသည်။

သူ့ရင်ဘတ်က နှင်းဆီးပန်းပြုတ်များ ကျမလားဟု မကြာခဏငုံ့ကြည့်ရသေးသည်။ တိုးမည့်လူများကိုလည်း ရှောင်ရသေးသည်။ ရထားပြတင်းပေါက်စေ့အောင်လည်း မျက်စိလျှင်ရသည်။

သူ့တစ်သက်တာမှာ ပထမဦးဆုံး ရင်အခုန်ဆုံး အခါပေတည်း။

တစ်တွဲ၊ နှစ်တွဲ၊ သုံးတွဲ၊ လေးတွဲ၊ ငါးတွဲ ကျော်ခဲ့ပြီ။ မတွေ့သေးပါလား။

သောင်းကျန်းသူမိုင်းဖုံးဆိုတာ ပြောနိုင်တာမဟုတ်ဘူးဟုဆိုကာ ကိုခင်ဦးကတော် ဒေါ်ညွန့်ညွန့်သည် သော်တာစိန်အား ရထားနောက်ပိုင်းတွဲမှာ သာစီးရန် မှာကြားလိုက်သည်။

သော်တာစိန်သည် ကိုယ်တစ်ပိုင်းအပြင်မှာထုတ်၍ ရထားအရှိန်သတ်ကတည်းက အောက်ကလူအုပ်ထဲမှာ ချစ်သူကိုရှာခဲ့ရာ ရထားရပ်ပြီး

mgyee.com

မကြာမီပင် ဆင်းသူကြိုသူတွေကြားထဲတွင် ရင်ဘတ်ပန်းနီနီကလေးနှင့် ပိတောက်ရွှေဝါမယ်ကလေးကို မြင်ရလေသည်။ ဧကန္တ သူကလေးပဲ၊ မိမိ မျှော်လင့်သည်ထက်ပင် လှပနေသေးသည်။ အနီးရောက်မှ 'သန့်'ဟု နှုတ်ဆက်လိုက်မည်။

သုံးလေးတွဲအကွာမှာရှိသေး၍ တွဲတိုင်းစေ့ကြည့်ပြီး လာနေရသော မရည်သန့်ကလေးကား သူ့ကိုမမြင်ရသေးချေ။ တဖြည်းဖြည်း နီး၍ နီး၍ လာလေရာ သော်တာစိန်ရင်မှာ တဒုတ်ဒုတ်ခုန်၍ နှုတ်မှာ တရွရွလှုပ်နေလေပြီ။

ယင်းအခိုက်တွင် မိမိနောက်ကျောကို မာကျောသောအရာတစ်ခုနှင့် ထောက်တာသိလိုက်ရပြီး တစ်ပြိုင်နက်တည်း တင်းမာသောအသံဖြင့်...

"ဟေ့...ဘလိုင် မလှုပ်နဲ့"

သော်တာစိန်သည် ရုတ်တရက် ထိတ်လန့်ခြင်း၊ အံ့အားသင့်ခြင်းဖြင့် နောက်ဘက်မျက်နှာလှည့်ကြည့်လိုက်ရာ မိမိကို သေနတ်နှင့်တေ့ရာတွင် အခြားလူများမမြင်ရအောင် မိုးကာအင်္ကျီကို ခြုံထားသောလူတစ်ယောက်နှင့် အခြားလူပုပုတစ်ယောက်။

သော်တာစိန်သည် မိုးကောင်းတုန်းကလို လူမှားပြန်ပြီသိရ၍ ချက်ချင်းပြုံးလိုက်ကာ...

"မိတ်ဆွေတို့ လူမှားပြီခင်ဗျာ၊ ကျွန်တော် ဘလိုင်မဟုတ်ပါဘူး"

သို့သော် ထိုသေနတ်နှင့်လူက...

"ဟေ့...ဘလိုင်၊ မင်း ငါ့ကို ဒီအပေါက်မျိုးချိုးလို့ ဘယ်ရမှာလဲကွ၊ ကဲ...အသာတကြည်နဲ့လိုက်မလား၊ ဒါမှမဟုတ် မင့်ကိုယ်ထဲ ကျည်ဆန်ထည့်ပြီး တို့ကပဲ တွဲခေါ်ရမလား"

သော်တာစိန်လည်း ဒေါသထွက်လာကာ...

"နေပါဦး၊ ကျုပ် ဘလိုင်မဟုတ်ဘူး ပြောနေရက်သားနဲ့၊ လူတစ်ယောက်ကို သေနတ်နဲ့ပစ်ဖမ်းရအောင် ခင်ဗျားတို့က ဘာလဲဗျ"

ထိုသူသည် မည်သို့မျှ အမူအရာမပြောင်းဘဲ...

"ပရိယာယ်လုပ်ပြီး သိပ်အချိန် ဆွဲမနေနဲ့ ဘလိုင်၊ မင့်ကို အခု ပစ်သတ်လိုက်ရင် အစိုးရက ငါ့ကို ဂုဏ်ထူးဆောင်လက်မှတ်တောင် ပေးလိမ့်ဦးမယ်၊ ဒါကို ငါမယူပါရစေနဲ့ကွာ"

ယင်း၌ သော်တာစိန်သည် "ဘလိုင်က တောခိုနေတဲ့လူ"ဆိုသော စောထွန်း၏စကားကိုသတိရ၍ အပျက်အပျက်နှင့် ခံရပကောဟု တုန်လှုပ်

mgyoe.com

mgyoe.com


ချောက်ချားသွားလျက်...

"တကယ်ပြောတာပါ နောင်ကြီးရာ၊ ကျွန်တော် ဘလိုင်မဟုတ်ပါဘူး၊ သက်သေ..."

သို့သော် စကားမဆုံးမီ...

"ဟော့...ဘလိုင် ရှည်လိုက်တာကွာ"ဆိုပြီး သူ့ကို အတွင်းဘက်တွန်းလိုက်၍ အခြားသူများမမြင်ရအောင် မိုးကာအင်္ကျီတွင်းမှ သေနတ်ကို နံစောင်းတေ့လျက် "မင်း ငါ့ ဒီတစ်ခါ ရော်ဗင်ဟုလုပ်လို့ မရတော့ဘူး၊ ကဲ...အရှင်လိုက်မလား၊ အသေဆွဲချသွားရမလား ဒါပဲပြော..."

ထိုလူ၏မျက်နှာမှာ သူ့ပြောသည့်အတိုင်း ပြုရန်ပြင်ဆင်ပြီးဖြစ်၍ သော်တာစိန် မလှုပ်သာတော့ဘဲ မိမိဆီလာနေသော ချစ်သူထံမှ အကူအညီ ရလိုရငြား...

"နေပါဦးဗျာ...ခဏလေးဆိုင်းပါ"

"ဟော့...တစ်စက္ကန့်မဆိုင်းနိုင်ဘူးကွ၊ ကဲ...သွား" သေနတ်ပြောင်းနှင့် နံစောင်းကော်လိုက်သည်။

"တုတ်ပု သူ့ပစ္စည်းတွေယူခဲ့"

သော်တာစိန် မကြံတတ်တော့ဘဲ သူ့ရင်ဘတ်က ပန်းနီနီကိုဖြုတ်ကာ မရည်သန့်ကလေး တွေ့ပါစေတော့ဟု ရထားတွဲအပြင်ဘက်သို့ ပစ်ချလိုက်ရာ ထိုလူက...

"ဘာလဲ...မင့်လူတွေ အချက်ပေးတာလား"

သော်တာစိန်က စိတ်ရှုတ်လှစွာနှင့်...

"မဟုတ်ပါဘူးဗျာ"

ဘာပဲဖြစ်ဖြစ် မင့်အသက်ကတော့ ငါ့လက်ထဲမှာပဲ။ "ကဲ...လာ"ဆိုပြီး မိုးကာအင်္ကျီကို နှစ်ယောက်ခြုံလိုက်၍ "လှုပ်တော့ မလှုပ်လိုက်နဲ့နော်၊ သေနတ်ပြောင်းဝက မင့်အသည်းနဲ့ တေ့နေတယ်"

* * *

mgyoe.com

mgyoe.com

# ပန်းနီတစ်ပွင့်

မရည်သန့်ကလေးသည် မောင်ကလေးကို လက်တစ်ဖက်ကိုင်၍ တွဲပေါက်စေ့လျှောက်ကြည့်လာရင်း မီမီရှေ့တစ်တွဲကျော်လောက်မှ ပန်းနီတစ်ပွင့် အရှိန်ပြင်းစွာ ပစ်ကျလာသည်ကို ရိပ်ခနဲ မြင်လိုက်မိသည်။ သို့သော် ဤအရာကို အရေးစိုက်ဖို့ အမှတ်မထားမိ။ မီမီချစ်သူမျက်နှာကို ရထားတွဲပြတင်းပေါက်တွေမှာ လျှောက်ရှာခဲ့သည်။ နောက်ပိတ်ဆုံး ဂါတ်တွဲဆုံးသွားတော့မှ စိတ်နှလုံးလေးလံလျက် ရင်များ တဒိတ်ဒိတ်ခုန်ကာ နောက်ကြောင်းပြန်ရင်း အခုနပန်းကို သတိရသဖြင့် မောင်နှမနှစ်ယောက်သား သွားကောက်ကြသည်။

တစ်စုံတစ်ယောက် နင်းသွားပြီဖြစ်၍ ပြားနေသည်။ သို့သော် ပျော့ပျောင်းသော ပလတ်စတစ်ဖြင့်လုပ်ထားသည်ဖြစ်၍ ပြန်ပြုပြင်သောအခါ၌ နဂိုအတိုင်းဖြစ်လာသည်။ ဤပန်းမျိုးသည် ဤအရပ်ဒေသမှာမရှိ။ မရည်သန့်ကလေး၏စိတ်တွင် ကိုယ်စောင့်နတ်က ပြောကြားသည့်အလား မီမီ၏ချစ်သူ ပစ္စည်းဖြစ်ရမည်ဟု အတပ်စွဲကာ "လာ…ကောင်လေး"ဟု တုန်လှုပ်သောလက်ဖြင့် ကောင်ကလေးကိုဆွဲကာ ထိုပန်းကျလာရာတွဲပေါ်သို့ မောင်နှမနှစ်ယောက် တက်ကြသည်။

တွဲပေါ်၌ လူတစ်ယောက်မျှ မရှိတော့။ ကသာဘူတာသည် သံလမ်း အရှေ့ဘက်၌ရှိရာ ယင်းအချိန်တွင် မရည်သန့်တို့မောင်နှမသည် ထိုတွဲပေါ်မှနေ၍ အနောက်ဘက်သို့ လှမ်းကြည့်လိုက်ပါလျှင် မိုးမရွာဘဲလျက် မိုးကာအင်္ကျီကို နှစ်ယောက်ခြုံသွားသော လူနှစ်ယောက်နှင့် သူတို့နောက်မှ ပစ္စည်းအချို့ကို ဆွဲကိုင်လိုက်သွားသော လူပုပုတစ်ယောက်ကို မြင်ရပေမည်။ သည်ထက်ပို၍ အချိန်အနည်းငယ်ကြာ စောင့်ကြည့်လိုက်ပါက ထိုလူများသည်

mgyoe.com

mgyoe.com


မီးရထားဝင်း ဆုံး၍ ကမ်းနားလမ်းရောက်သည်၌ ဂျစ်ကားတစ်စီးပေါ် တက်သွားကြသည်ကို မြင်ရမည် ဖြစ်ပါ၏။

သို့သော် မရည်သန့်တို့မောင်နှမသည် ဤအရာကို မြင်လည်းမမြင်၊ ကြည့်ရမည်လည်းမသိ၊ လူတစ်ယောက်မျှမရှိသောတွဲပေါ်တွင် ကြိုးကြည့် ကြောင်ကြည့်နှင့် ရှိလေရာမှ မရည်သန့်သည် ထိုင်ခုံတစ်ခုပေါ်၌ စာတစ်အုပ်ကို မြင်၍ ပိုင်ရှင်မဲ့ပစ္စည်းအဖြစ်နှင့် ကောက်ယူကြည့်ရှုလိုက်ရာ အင်္ဂလိပ်ဝတ္ထု စာအုပ်။ ထိုစာအုပ်အလယ်လောက်မှာ ဟနေသဖြင့် အလိုက်သင့်ဖွင့်ကြည့် လိုက်မိသောအခါ၌ကား မရည်သန့်၏ တစ်ကိုယ်လုံးသည် အထက်သို့လွင့် မြောက်ပြီး လေထဲတွင် ချားရဟတ်ကဲ့သို့ လည်ပတ်သွားသည်ဟု ထင်လိုက် ရတော့၏။

အကြောင်းမှာ ထိုစာအုပ်ထဲတွင် မိမိလက်ရေးဖြင့် သော်တာစိန် လိပ်တပ်ထားသော စာတစ်စောင်နှင့် မိမိ၏ဓာတ်ပုံ။

မရည်သန့် ချောက်ချားပုံမြင်ရ၍ မောင်ကလေးက...

"ဘာလဲမမ"

မရည်သန့်မှာ ဘာမျှပြန်မပြောနိုင်။ ရင်ခုန်၊ လက်တုန်နှင့် နှုတ်ခမ်း များလည်း တဆတ်ဆတ်လှုပ်နေတော့သည်။

ကသာဘူတာဝင်ခါနီးတွင် သော်တာစိန်သည် ဤစာနှင့် ဤ ဓာတ်ပုံကို အထပ်ထပ်ဖတ်၊ အခါခါကြည့်ပြီး လမ်းမှာဖတ်လာခဲ့သောစာအုပ်ထဲ ညှပ်ထားလိုက်ခြင်း ဖြစ်သည်။

■

mgyoe.com

mgyoe.com

(၅)

# သည့်နှစ်လမ်း

အချိန်ကာလအားဖြင့် မြန်မာပြည်၏ ဝသန်ပျိုးစ မိုးဦးကျဖြစ်လေရာ မိုးကောင်းသော မြစ်ညာဒေသတွင်မူ ကဆုန်မိုးသည် မြက်သားမွေးရုံမက တော့ဘဲ မိုးကြီးမိုးကောင်းများပင် ကျရောက်ပြီဖြစ်ရကား ထိုနေ့ညနေ ၅နာရီ ကျော်လောက်တွင် ကသာမြို့ပေါ်မှာ ရှစ်ခွင်တိုင်း အုံ့မှိုင်းဆင်နေသဖြင့် ရွာအုံ့မိုးကို စိုးလင့်၍ လူသွားလူလာခေါင်းပါးလျက် တိုက်စပြုလာသော လေပြင်းကြောင့် အချို့သောအိမ်ပြတင်းများ၊ တံခါးများကို ပိတ်ထားကြလေ သည်။

ယင်းအခိုက်တွင် သော်တာစိန်ကိုတင်လာခဲ့သော ဂျစ်ကားသည် ကသာဈေးမြောက်ဘက်တန်း "ထွန်းညီနောင် စတိုးနှင့်သမဝါယမဖြန့်ချိရေး ဌာန"ဟု ဆိုင်းဘုတ်နှစ်ခုချိတ်ထားသော တိုက်ဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် ရပ်လိုက်ပြီး လူသုံးယောက်ဆင်းကြ၍ ဂျစ်ကားကမောင်းနှင်သွားလေသည်။

ညနေ ဈေးချိန်နှောင်း၍ လည်းကောင်း၊ မိုးလေကြောင့် လည်းကောင်း ဆိုင်ပိတ်ပြီဖြစ်၍ တစ်ခုသောတံခါးသာလျှင် ဟရုံကလေးပွင့်နေသည်။

ထိုအပေါက်မှဝင်ကြပြီး အထဲသို့ရောက်လျှင် သေနတ်နှင့်လူက မိုးကာအင်္ကျီကိုချွတ်ခွာပစ်လိုက်ပြီး...

"ဟေ့...တုတ်ပု၊ တံခါးမင်းတုပ်ချလိုက်ကွ"ဟု အမိန့်ထုတ်၏။ သူ့လက်ကသေနတ်ကား လူချင်းခွာသော်လည်း သော်တာစိန်ကို ချိန်လျက်ပင်။

သော်တာစိန်မှာ မည်သို့မျှ နားမလည်နိုင်ဘဲ...

mgyoe.com

"ခင်ဗျားတို့ ကျွန်တော့် ဘာလုပ်ကြမှာလဲဗျာ"

ထိုလူက ရယ်သွမ်းသွေးလိုက်ပြီး...

"ဘလိုင်ရာ...မင်း ငါ့ကို ဟန်ဆောင်တုန်းပဲလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော် ဘလိုင်မဟုတ်ဘူး၊ ကျွန်တော် ဘယ်သူလဲ သိချင်ရင် ကျွန်တော့်သေတ္တာမှာ လေဘယ်လ်ပါတယ် ခင်ဗျားကြည့်"ဟုဆို၍ ယူပြရန် တုတ်ပုချထားသော သေတ္တာသို့သွားမည်ပြုသောအခါ၌...

"ဟော့...ဘလိုင် မင်းမလှုပ်နဲ့၊ မင်းသေတ္တာထဲ လက်ပစ်ဗုံးပါလား၊ ဓာတ်ငွေ့ဗုံးပါလား၊ သိနိုင်တာမဟုတ်ဘူး"ဆိုပြီးမှ...

"တုတ်ပု...သူ့သေတ္တာကလေဘယ်လ်ဖြုတ်ခဲ့စမ်း"

ရန်ကုန်လေဆိပ်မှ ချိတ်ပေးလိုက်ခြင်း ဖြစ်သည်။ တုတ်ပုက ယူပေးလိုက်သည်၌ ထိုလူကဖတ်ပြလိုက်ပြီး...

"အင်း...မောင်တင်စိန် ရန်ကုန်ဆိုပါလား"

"ဟုတ်တယ်၊ ကျွန်တော် ရန်ကုန်ကပဲ၊ ဒီအညာရောက်တာ ဒီနေ့ ပါနဲ့မှ ငါးရက်ရှိသေးတယ်၊ မိုးကောင်းဘူတာမှာတုန်းကလည်း လူတစ်ယောက်က ကျွန်တော့်ကို ဒီလိုပဲ ဘလိုင်နဲ့လူမှားတာ ကြုံခဲ့သေးတယ်"

ယင်း၌ ကိုထွန်းအောင်မျက်နှာတွင် ဇဝေဇဝါဖြစ်သွားကာ...

"နေစမ်းပါဦးကွာ၊ မင်း ဒီလောက်ပြောလှတာ ငါ့ညီကိုခေါ်ပြဦးမှပဲ၊ သွာ...တုတ်ပု၊ ထွန်းသောင်ကို ခေါ်ခဲ့စမ်း၊ နောက်ဖေးတန်းလျားမှာ ရှိလိမ့်မယ်"

တုတ်ပုသွားပြီး မကြာမီ၌ သော်တာစိန်နှင့် ရွယ်တူလူတစ်ယောက် ဆိုင်နောက်ဖေးခန်းထဲမှ ရောက်လာပြီး...

"ဟာ...ကိုကြီးရဲ့ ဒါဘလိုင်မှ ဘလိုင်အစစ်ပေါ့၊ ဒီတစ်ခါလက်လွတ် မခံနဲ့၊ ကိုယ်တို့ကို ပတ်တီးချသွားတာ များလှပြီ"ဆိုရင်း သော်တာစိန်အနီးသို့ ရောက်လာကာ ရန်ငြိုးရန်စကြီးစွာနှင့် ပါးချိတ်ကိုပင့်၍ ထိုးလိုက်လေ၏။

သို့သော် သူ့လေသံကြားကတည်းက မဟန်ပြီသိနေသော သော်တာစိန်သည် ဒင်းတို့လက်ထဲကလွတ်ရန် နှုတ်နှင့်မရ၊ အလုပ်နှင့်ပြရတော့မည်ဟု ဆုံးဖြတ်ချက်ချပြီး၍ သူပင့်ထိုးလာသောလက်ကို ဘယ်ဘက်လက်မောင်းနှင့်ခုတ်ချလိုက်ပြီး လက်နှစ်ဖက်နှင့် ထိုလူခါးကို ပင့်မြှောက်၍ သေနတ်ချိန်ထားသော သူ့အစ်ကိုဆီသို့ ထိုးပစ်လိုက်လေ၏။

ညီအစ်ကိုနှစ်ယောက် ထွေးခနဲဖြစ်သွားသည်၌ သော်တာစိန်သည်

mgyoe.com


လျင်မြန်စွာ အစ်ကိုဆီကသေနတ်ကို ဝင်လုသည်။ သုံးယောက်သားလုံးနေသည့်၌ အောက်သို့ကျသွားသည်။ ကိုထွန်းအောင်က ပြန်ကောက်မည်အပြု၌ သော်တာစိန်က ခြေနှင့်ခတ်ထုတ်လုပ်၍ သေနတ်အဝေးသို့ ရောက် သွားသည်။

ထိုနောက် တစ်ယောက်နှင့်နှစ်ယောက် ထိုးကြတော့၏။

ယင်းအချိန်၌ စောစောကဆင်နေသောမိုးသည် သူတို့ထိုးခတ်ပွဲကို ဗိန်းဗောင်းဆိုင်းသဖွယ် သွပ်ခေါင်မိုးသံနှင့် တစ်ဖြောင်းဖြောင်း ရွာသွန်းလေ၏။

သော်တာစိန်သည် အထိုးအခတ် ဝါသနာပါသူဖြစ်၍ ဘောက်ဆင်အထိုးတွင် ကျောင်းသားဘဝက ကျောင်းချန်ပီယံဘွဲ့ရခဲ့သဖြင့် လက်ရှိအခြေအနေမှာလည်း ကျန်းမာရေးလေ့ကျင့်နေသူ ဖြစ်ရကား တစ်ယောက်နှင့်နှစ်ယောက်ပင် လှလှကြီးအရေးသာလျက်ရှိ၏။

သို့သော် ထိုညီအစ်ကိုတို့၏ တပည့်ကျော်တုတ်ပုသည် ဆိုင်ရှေ့မှ ဝုန်းဝုန်းဒိုင်းဒိုင်းကြား၍ နောက်ဖေးမှ သံတုတ်ကြီးကိုင်ထွက်လာလေရကား ဤနေရာတွင် သော်တာစိန်သာမဟုတ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံပင်လျှင် စိုးရိမ်စရာရှိလေသည်။

သွေးသံရဲရဲနှင့် သော်တာစိန် သတိမေ့လဲကျသွားသောအခါတွင် အစ်ကိုကြီးက ကြိုးနှင့်တုပ်ခိုင်း၏။

"တစ်ခါတည်းသာ ကိစ္စတုံးပစ်လိုက်ပါတော့ဗျာ"ဟု ညီဖြစ်သူထွန်းသောင်ကဆို၍ တပည့်ကျော်တုတ်ပုက သံတုတ်နှင့် သော်တာစိန်လည်မျိုရွယ်လျက်...

"ဟုတ်တယ်...ကိုကြီး ကျွန်တော်လုပ်လိုက်မယ်"

ကိုထွန်းအောင်သည် သံတုတ်ကို ဖမ်းကိုင်လိုက်ပြီး...

"မဟုတ်တာကွာ၊ တို့အခုလုပ်နေတာက မြင့်မြင့်အတွက်မဟုတ်လား၊ ကိုယ့်နှမစိတ်ချမ်းသာဖို့ စဉ်းစားကြပါ၊ နို့ပြီး ဒီကောင်လေးက အမြင်မှန်ရပြီး လမ်းမှန်ရောက်ရင် အဖိုးတန်မယ့်ကောင်လေးကွ"

ထွန်းသောင် စိတ်မာန်လျှော့သွားကာ...

"ဒါဖြင့် အစ်ကိုကြီးပဲ ဖြစ်အောင်စီမံပေတော့"

"အေး...သူ့ကြိုးနဲ့တုပ်၊ သတိရအောင်လုပ်"

ကြိုးတုပ်နှောင်ရင်း သော်တာစိန် အင်္ကျီအိတ်ထဲမှ စာတစ်ရွက်ထွက်လာ၍ ကောက်ယူကြည့်ရှုကြသည်။ မီးရထားပေါ်တွင် ရေးပေးသွားသော စောထွန်း၏ လိပ်စာ။

mgyoe.com

ကိုထွန်းအောင်သည် မဲ့ပြုံးပြုံးကာ ခေါင်းညိတ်လိုက်၏။

သော်တာစိန်အား ခြေရောလက်ပါ တုပ်နှောင်ကြ၍ ဆိုင်အတွင်းခန်း တစ်နေရာသို့ယူသွားပြီး ကိုယ်တစ်ပိုင်းကို နံရံမှာမှီထားသည်။

သော်တာစိန် သတိရသောအခါ၌ ခြေလက်များ မလှုပ်သာပြီ။ ဦးခေါင်းမှာ မူးနောက်နေသည်။ အပြင်ဘက်၌ မိုးသည်းထန်စွာရွာနေသံကို ကြားရသည်။ မျက်စိဖွင့်ကြည့်လိုက်လျှင် မီးရောင်အောက်မှာ ညီအစ်ကိုနှစ်ယောက်နှင့် တုတ်ပုကိုမြင်ရ၍ ခံပြင်းသောမျက်နှာနှင့် အံကိုကြိတ်၍ ကိုယ်ကို တွန့်လိုက်၏။

ကိုထွန်းအောင်က ဆေးတံသောက်လျက်...

"ဘယ့်နှယ်လဲ...မင်း ဘလိုင်မဟုတ်ဘူးလို့ ငြင်းဦးမလား"

စိန်။ ။(တင်းမာသောအသံဖြင့်) "ဘာ ထပ်ငြင်းစရာလိုတော့သလဲ၊ ကျုပ် ရန်ကုန်ကတင်စိန်လို့ ပြောပြီးမှပဲ"

ဤတွင် ကိုထွန်းအောင်က လှောင်ရယ်ရယ်လိုက်ပြီး...

"မင်းလိမ့်လို့မရတော့ဘူးကွ၊ ဒီမှာ သက်သေအခိုင်အမာက မင့်အိတ်ထဲက တွေ့ထားပြီ"ဟူ၍ စောထွန်းလိပ်စာစက္ကူကိုပြလျက် "ဘယ့်နှယ်လဲ... ဒါ မင့်မိတ်ဆွေရောင်းရင်းဖက်ကြီး ရဲဘော်ဟောင်းကြီးစောထွန်းရဲ့ လက်ရေးနဲ့ လိပ်စာ မဟုတ်လား၊ ဘာငြင်းချင်သေးလဲ၊ ဟေ...ဟေ" လှောင်ပြောင်သော အသံဖြင့် "ဘယ့်နှယ်...ရန်ကုန်က မောင်တင်စိန်ရယ်၊ ကာမိုင်းဖားကန့်က စောထွန်းနဲ့ သိနေသလားကွယ်"

ယင်း၌ သော်တာစိန်က...

"ကဲ...အဲဒါ ခင်ဗျားတို့ သေသေချာချာနားထောင်၊ ကျွန်တော် ရှင်းပြမယ်၊ ကျွန်တော်ဟာ ဒီလ (၁၁)ရက်နေ့က လေယာဉ်ပျံနဲ့ မြစ်ကြီးနားကို ရောက်ခဲ့တယ်၊ ဆပ္ပလိုင်းအရာရှိ ကိုခင်ဦးကိုသိသလား၊ သူ့အိမ်မှာတည်းတယ်၊ အဲဒီမှာ နှစ်ရက်နေပြီး ဒီနေ့ (၁၄)ရက်နေ့မှာ မီးရထားနဲ့လာခဲ့တယ်၊ မိုးကောင်း ဘူတာရောက်တဲ့အခါမှာ အဲဒီကိုစောထွန်းဆိုတဲ့လူက ကျွန်တော့်ကို ဘလိုင် မှတ်ပြီး လူမှားရင်းက မိတ်ဆွေဖြစ်သွားပြီး သူ့လိပ်စာကို ရေးပေးခဲ့တာပဲ၊ ကဲ...ခင်ဗျားတို့မယုံရင် အဲဒီကိုစောထွန်းဆီသွားမေးကြည့်ကြတော့၊ သူနဘား ဘူတာမှာ ဆင်းသွားတယ်၊ သူ့ယောက္ခမဆီမှာ လေးငါးရက်လောက် ကြာမယ်တဲ့"

mgyoe.com

mgyoe.com

သော်တာစိန်၏စကားကို နားထောင်ကြရင်း အစ်ကိုဖြစ်သူက ယုံကြည်တော့မလို ဇဝေဇဝါအမူအရာရှိ၍ ညီဖြစ်သူကမူကား...

"အို...အစ်ကိုကြီးမလဲဗျာ၊ ဒါကွန်မြူနစ်ပရိယာယ်ဗျ၊ လူတောင် လက်ဆုပ်လက်ကိုင် မိနေပြီဟာတောင် မုန်လာဥကို ခရမ်းသီးလုပ်နေသေး တယ်၊ စောထွန်းသွားမေးလို့လည်း 'မယုံ ငါ့မယားမေးကြည့်'ဆိုတာနဲ့ အတူတူ ပေါ့၊ စောထွန်းက သူ့ဘက်တော်သား သူတို့ချင်း ငယ်ပေါင်းကြီးဖော် ကြံဖော် ကြံဘက်တွေပဲ"

သော်တာစိန်။ ။"အခုဟာ ကျွန်တော် အမှန်ပြောနေတာပဲ၊ ခင်ဗျားတို့ ပြောလို့သာ ကြားရတယ်၊ ဒီစောထွန်းဆိုတာနဲ့ ဘလှိုင်ရဲ့ အတိတ်ရာဇဝင် လည်း ကျွန်တော်မသိဘူး၊ အဲ...ဘလှိုင်ဆိုတာကဖြင့် တောခိုနေတဲ့လူဆိုတာ တော့ စောထွန်းပြောလိုက်လို့ ကျွန်တော်သိခဲ့ရတယ်၊ ကဲ...အခု ခင်ဗျားတို့က ကျွန်တော့်ကို တောခိုနေတဲ့ ဘလှိုင်လို့ ယုံကြည်ကြရင်ဖြင့် အစိုးရဆီပို့ လိုက်ပေါ့ဗျ၊ ကျွန်တော် အဲဒီရောက်မှ ရှင်းယူမယ်"

ယင်း၌ကား ညီအစ်ကိုနှစ်ယောက်စလုံးပင် ဇဝေဇဝါဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

ခေတ္တဆိတ်ငြိမ်နေပြီးမှ အစ်ကိုကြီးဖြစ်သူက သော်တာစိန်မျက်နှာ စေ့စေ့ကြည့်လျက်...

"ဘလှိုင်မှာ အမြွှာပူးညီအစ်ကိုလည်း မရှိပါဘူး"

ထွန်းသောင်။ ။"ဟာ...ကျွန်တော်တို့နဲ့ တစ်ရပ်တည်းကြီးလာတာ ဘယ်ကရှိရမှာလဲဗျ၊ သူ့အမေကြီးမှာ ယောကျ်ားလည်းမရှိဘူး၊ ဒီသားတစ် ယောက်တည်းရှိတာ"ဟုပြောပြီး အခိုင်အမာ ယုံကြည်သောမျက်နှာဖြင့်"ဒါဟာ ဘလှိုင်အစစ်ပါပဲ အစ်ကိုကြီးရာ၊ အလကား ကွန်မြူနစ်ပရိယာယ်တွေ သုံးနေတာ"

သော်တာစိန် စိတ်တိုလာကာ...

"အေး...ဒါဖြင့် ကျုပ်ကို အစိုးရလက်အပ်လိုက်ဆိုနေမှပဲ"

ကိုထွန်းအောင်လည်း ခေါင်းကိုယမ်း၍....

"မင့်ကို အစိုးရလက်ထဲအပ်ဖို့ထက် ကြီးတဲ့ကိစ္စ ရှိသေးတယ်"

ဆိုပြီး သော်တာစိန်မျက်နှာ အကဲခတ်ကြည့်ရှုလျက် "ကဲလေ...မင်း ဒီလောက်တောင်ဟာ တို့မြင့်မြင့်ကို ပြကြည့်မယ်၊ မြင့်မြင့်ရဲ့ အဆုံးအဖြတ် ပေါ်မှာတည်မှာပဲ၊ သို့သော် မြင့်မြင့်က မင့်ဆန္ဒလိုက်ပြီး မဟုတ်ဟန်ဆောင်

mgyoe.com

mgyoe.com

ရင်လည်း တို့က သူ့အမူအရာကြည့်ပြီးသိမှာပဲ၊ အဲ...မင်း ဘလိုင်ဟုတ်မှန်း သေချာတဲ့အခါကျတော့ ငါတို့ အရင်ပြောထားတဲ့ လမ်းနှစ်ခုကိုပေးဦးမယ်၊ ကြိုက်တာရွေးဖို့ စဉ်းစားထားပေတော့"

သော်တာစိန်သည် မျက်ခုံးကိုပင့်၍...

"ဘယ်လို လမ်းနှစ်ခုလဲဗျာ"

ထွန်းအောင် မနှစ်မြို့သောမျက်နှာဖြင့်...

"ဩော်...မင်းကမေ့နေပြီလား၊ နှမအတွက်ဆိုတော့ အစ်ကိုက ရှက်ရှက်နဲ့ပဲ ပြောရဦးမှာပေါ့ကွာ၊ ဒီမှာနားထောင်၊ မင်းလက်နက်ချပြီး မြင့်မြင့်ကို လက်ထပ်ရင်ထပ်၊ ဒါမှမဟုတ်ရင် မင်းကိုငါသတ်ပြီး အစိုးရကို အလောင်းအပ်ရမှာပဲ၊ မင့် လူ့ပြည်ထားပြီးတော့ဖြင့် တို့အရှက်များခံမနေနိုင်ဘူး၊ ကဲ...အဲဒီနှစ်လမ်းပဲ၊ ကြိုက်ရာရွေးဖို့သာ စဉ်းစားထားပေတော့"

သော်တာစိန်အဖို့မှာ အပျက်အပျက်နှင့် ကြာလေကြာလေ ခက်သထက်ခက်သော အခြေသို့ ရောက်နေလေပြီ။ နာကြည်းသောကိုယ်ကို လွှန့်၍ မျက်နှာရှုံ့ကာ သက်ပြင်းရှူလိုက်ပြီး...

"ခက်ပြီကောဗျာ...ကျွန်တော်တော့ သူများစေးစာခံဖြစ်နေပြီပဲ၊ အသက်တောင် ရန်ရှာမယ်ဆိုတော့ ခင်ဗျားတို့ကိစ္စက ဘယ်လိုလဲဗျ၊ ပြောနိုင်ရင် ပြောကြစမ်းပါ"

သော်တာစိန်မှာ အမှတ်မဲ့ရိုးသားစွာ မေးလိုက်ခြင်းဖြစ်သည်။ သို့သော် ဤအမေးသည် သူ့အဖို့ ပိုဆိုးသွားတော့၏။ အကြောင်းမှာ ဤအမေးတွင် ညီအစ်ကိုနှစ်ယောက်သည် အလွန်ဒေါသထွက်လာလျက် အစ်ကိုဖြစ်သူက...

"မင်း တကယ်လို့ ဘလိုင်မဟုတ်ဘူးဆိုတောင်ဘဲ ငါ့စကား အဓိပ္ပာယ်နဲ့ ဘယ်လိုဖြစ်ခဲ့ပုံလဲဆိုတာကို သိသင့်တယ်၊ အခုတော့ မင်းက ဘာမှမသိတဲ့ပုံနဲ့ ဘလိုင် မဟုတ်ဟန်ဆောင်ကြောင်း တယ်ပြီးထင်ရှားလှတယ်၊ မင်း ဒီနည်းမျိုးနဲ့ မရဘူးဆိုတာ သတိထားပါကွ၊ နောက်ထပ် ဘာမှပြောမနေ ပါနဲ့တော့၊ အခု မြင့်မြင့်ကို ငါတို့ ဟိုဘက်ကမ်းကအိမ်ကို ပို့ထားတယ်၊ ညလူခြေတိတ်ရင် တို့ မင်းကို မြင့်မြင့်ဆီ မော်တော်နဲ့ယူသွားမယ်၊ တို့နှမနဲ့ တွေ့လို့ မင်းဘလိုင်မှန်း သေချာတဲ့အခါကျတော့ မင်းတို့တော်လှန်ရေးကိစ္စတွေ စွန့်လွှတ်ပြီး လူထဲသူထဲမှာ အေးအေးနေမလား၊ ဒါမှမဟုတ် အသက်အသေခံမလားဆိုတာသာ စဉ်းစားထားပေတော့၊ မြင့်မြင့်ကတော့ အမြင်မှန်ရသွားပြီ၊ မင်းတို့ဝါဒဘက် ပြန်မလာတော့ဘူးဆိုတာ စိတ်ချ"

mgyoe.com